# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

## တပ်မတော်၏ အစဉ်အလာကောင်းများကို စောင့်ထိန်းကြရမည့်သူများဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၇

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃)သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။



မြန်မာ့အလင်း

# ထာဝရစွဲကိုင်ရမည့် အမျိုးသားရေးဝါဒ

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံများမှ မီဒီယာများက မမျှမတ၊ တစ်ဖက်စောင်းနင်း ဖော်ပြကြသည်မှာ အစဉ်အလာတစ်ရပ် ဖြစ်နေပြီဖြစ်သည်။ အကယ်၍ မှားယွင်းသွားကြောင်း သိရှိသည့်အခါ မျိုးတွင်ပင် မီဒီယာ၏ ကျင့်ဝတ်နှင့်အညီ ပြင်ဆင်မှုမပြုလုပ်ဘဲ မသိမသာထိမ်ချန်ထားကာ ပြီးပြီးပျောက်ပျောက်အမေ့ခံထားလိုက်ကြသည်။ မြန်မာနိုင်ငံတွင် မည်သို့သော အစိုးရက တာဝန်ယူနေသည်ဖြစ်စေ အနောက်မီဒီယာများ၏ သတင်းခန်းများမှ ပုံဖော်မှုများမှာ အစဉ်သဖြင့် မကောင်းသတင်းများသာဖြစ်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်များမှာ မကောင်းသည့် ပုံရိပ်များသာဖြစ်သည်။ ၎င်းတို့၏ သတင်းရင်းမြစ်များမှာ အစိုးရကို ဆန့်ကျင်နေသည့် အုပ်စုများ၊ ပြည်ပြေးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အနောက်အုပ်စုပါလီမန်များကို ချဉ်းကပ်ကာ မြန်မာ့မြေကိုဖဲ့ယူရန် ကြံစည်နေသူများမှသည် လတ်တလောဖြစ်ရပ်များတွင် ပြည်တွင်းအကြမ်းဖက်သမားများနှင့် ကျင့်ဝတ်မဲ့မီဒီယာအချို့တို့အထိ ပါဝင်ရာ မှန်ကန်သော သတင်းအချက်အလက်များမဟုတ်ဘဲ ပုံပျက်ပန်းပျက် သတင်းများသာဖြစ်နေသည်မှာ အဆန်းမဟုတ်ဟုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံရေး အပြောင်းအလဲနှင့် အရေးပေါ်ကာလ တစ်ရပ်ကိုဖြတ်သန်းနေရပြီး မျက်မှောက်ကာလ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများက မြန်မာနိုင်ငံ၏ အမျိုးသားရေးဝါဒဟု ဆိုအပ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အဆက်မပြတ် ထိုးနှက်တိုက်ခိုက်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်တွင်းမှ အကြမ်းဖက်အုပ်စုများနှင့် နယ်စပ်ဒေသများမှ EAO အချို့တို့ကို ပံ့ပိုးထောက်ပံ့မြှောက်ပင့်ပေးနေမှုများက ပြည်ထောင်စုမြန်မာနိုင်ငံကြီး ပြိုကွဲပျက်စီးရေးလမ်းကြောင်းပေါ်သို့ မရောက်ရောက်အောင် တွန်းပို့နေခြင်းပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စိတ်ဝင်စားခြင်းမရှိသလို မြန်မာပြည်သူတို့၏ ပကတိဆန္ဒအစစ်အမှန်ကိုလည်း သိရှိနားလည်လိုခြင်းမရှိ၊ မြန်မာနိုင်ငံအပေါ် ၎င်းတို့ဖြစ်စေလိုသည့် ပုံသွင်းမှုကသာ အဓိကဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ စုတို့ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ကိုလိုနီနယ်ချဲ့တို့က ချထားရစ်ခဲ့သည့် သံသယအစွဲအလမ်းတို့မှာလည်း လွတ်လပ်ရေးနှင့် အတူလက်ခံလိုက်ရသည့် အမွေဆိုးပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကိုပြန်ကြည့်လျှင် ၁၉ ရာစုနယ်ချဲ့ဝါဒီ အနောက်နိုင်ငံ၏ မြန်မာ့သယံဇာတများ လုယူကုပ်သွေးစုပ်ခြင်း၊ မြန်မာပြည်ဖွားတိုင်းရင်းသူတိုင်းရင်းသားတို့အပေါ် လူမျိုးကြီးဝါဒကျင့်သုံးခဲ့ခြင်း၊ လူလူချင်းခွဲခြားဆက်ဆံခဲ့ခြင်း၊ လူ့အခွင့်အရေးများကို လျစ်လျူရှုခဲ့ခြင်း၊ တိုင်းရင်းသူတိုင်းရင်းသားများအကြား သွေးခွဲရန်တိုက်ခဲ့ခြင်းတို့ကို ရာစုနှစ် တစ်ခုစာမျှခံစားခဲ့ရပြီး ဒဏ်ရာဒဏ်ချက်လည်းကြီးမားခဲ့သည်။ လွတ်လပ်ရေးရချိန်တွင် မြန်မာ့မြေပေါ်၌ရှိသမျှသော နယ်ချဲ့တို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပြာပုံများအဖြစ်သာရရှိခဲ့ပြီး သွေးခွဲမှု၏ရလဒ်ဖြစ်သော လက်နက်ကိုင်တိုက်ပွဲများက ဖြစ်ပေါ်လာခဲ့သည်။

မိမိတို့နိုင်ငံ၏ ပစ္စက္ခကာလသည် ချွတ်ချော်တိမ်းပါးခဲ့သော ဒီမိုကရေစီကို ပြန်လည်တည့်မတ်ထိန်းသိမ်းနေရသည့် ကာလဖြစ်သည်။ တစ်ဖက်တွင်လည်း ဆန့်ကျင်မှုများ၊ အတိုက်အခံများသာမက အပြင်းအထန်အကြမ်းဖက်မှုများအထိ ရှိနေသည်။ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ အောင်မြင်မှုမရခဲ့သည့် အစိုးရလက်ထက်တွင် လူမှုကွန်ရက်မှတစ်ဆင့် အမုန်းစကားနှင့် အမုန်းတရားပျံ့နှံ့မှုတို့ ကြီးထွားခဲ့သည်။ ယင်းမှရလဒ် တချို့တွင် တပ်မတော်အပေါ် မုန်းတီးစေခြင်း၊ အတိုက်အခံပါတီအပေါ် အမြင်စောင်းစေခြင်းတို့လည်း ပါဝင်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးတွင် စည်းလုံးညီညွတ်ခြင်းကသာ ကောင်းကျိုးရလဒ်ကို ဖြစ်ထွန်းစေမည်ဖြစ်သည့်အလျောက် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးဝါဒကို ထာဝရစွဲကိုင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## အောင်နန်းရိပ်ညို ပန်းတက္ကသိုလ်

☆ တစ်နှစ်မှာ တစ်ခါ ဝင့်သည်သို့
ချစ်စရာမာလာပွင့်တွေက
အနှစ်ရတနာ အဖြာဖြာဆင့်ပါလို့
အခါသင့် ပွင့်ပါပြီ။

☆ ယဉ်မဆုံးပါဘူး
တစ်ပင်လုံးအနီရောင်ကွဲ့
ပန်းချီတောင် မီအောင်ရေးနိုင်ဘု
စစ်သွေးတဝေဝေမို့
ချစ်သွေးတဝေဝေမို့
သည်ပန်းတွေအနီလွှမ်းလေသလား
ပန်းမြတ်ချယ်ရီ။

☆ လွှမ်းမှာပေါ့လေ
သည်နန်းသည်ဌာနေ၌
ဘိုးဘမွေ ခံယူထားလေတဲ့
သားချစ်ရတနာတွေရဲ့
အားမာန်ဝေ လေ့ကျင့်အစွမ်းတွေက
အံ့မခန်း ဇာနည်သွင်မို့
ပန်းတွေတွင် ရောင်ပြန်ဟပ်ရော့ထင့်
သတ္တိသွေးရေးခြယ်စီ
ချယ်ရီတို့နီရကြောင်း။

☆ ဆောင်းနှင်းမှုန်လွှာ
ကောင်းခြင်းခြုံပုဝါသို့
ခုချိန်မှာ အခါထူးပါဘိ
တပ်ဦးမှာ အောင်လံချီလို့
အောင်စစ်သည် အောင်နိမိတ်တွေနဲ့
အောင်ရိပ်ကိုတူပြိုင်လှမ်းမှာမို့
အောင်ပန်းတွေတဝေဝေကွဲ့
နောင်မသွေအောင်စေမှန်းပါလို့
ပြည်သူတွေကြိုလက်ကမ်းကြတယ်
ပန်းတက္ကသိုလ်ကျောင်း။ ။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဂုဏ်ပြုလျက်-

မြင်းမူမောင်နိုင်မိုး

## မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီး ဌာန/အဖွဲ့အစည်းများနှင့် မြန်မာ- တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နှစ်နိုင်ငံ အစိုးရချင်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများဖြစ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စီမံကိန်းများ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးနှင့် သက်ဆိုင်သည့် စီမံကိန်းများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီထားသည့် နားလည်မှု စာချွန်လွှာများ၊ သဘောတူ စာချုပ်များနှင့် စာလွှာများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တွေ့ကြုံရသော အခက်အခဲများ၊ နှစ်နိုင်ငံညှိနှိုင်းပေးရမည့်ကိစ္စရပ်နှင့် မူဝါဒခံယူပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးရန် မှာကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာသော အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာစီမံကိန်းများအလိုက် အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာန အသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတို့မှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်




## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ၁၂ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ ရှေ့ဖုံးမှ

စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ်(၆၃)မှ အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၀၁၊ ဗိုလ်လောင်း ဖြိုးမင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၇၂၊ ဗိုလ်လောင်း အောင်နန္ဒ၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၈၉၊ ဗိုလ်လောင်း တေဇ၊ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၀၊ ဗိုလ်လောင်း ဟိန်းဘိုဘို အောင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၉၊ ဗိုလ်လောင်း အာကာ ဇော်ဝင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

### စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အမိစစ်တက္ကသိုလ်မှ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် ပြန်တမ်းဝင်အရာရှိ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆို ဦးထိပ်ပန်ဆင်ထားသူများဖြစ်ပြီး နိုင်ငံအတွက် အရေးကြုံလာပါက စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်တတ်သူများလည်း ဖြစ်ကြောင်း။

**နိုင်ငံတော်၏ ကြီးလေးသော ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် မိမိတို့၏ တာဝန်နှင့်လုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပေးအပ်လာမည့် ရည်မှန်းချက်တာဝန်များကို ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။**

### လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်

စစ်တက္ကသိုလ်သည် ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်သန္ဓေတည်ခဲ့ပြီး အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် တန်ဖိုးထားရသည့် "နောင်တစ်ခေတ်၏ အောင်စစ်သည်" များကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ သင်တန်းအမှတ်စဉ်(၆၃)ခုထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန်အတွက် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဖြင့် မိမိသဘောဆန္ဒအလျောက် တပ်မတော်ကိုဝင်ရောက်လာခဲ့သူများဖြစ်သဖြင့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားထားရသည့် သူရ၊ သတ္တိနှင့်ပြည့်စုံပြီး အမှားအမှန်၊ အဆိုးအကောင်းကို ပိုင်းခြားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

### အခွင့်အလမ်းများ မလွဲမသွေရရှိမည်

ခေါင်းဆောင်လုပ်သူများသည် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ တွေးခေါ်မြော်မြင်နိုင်ရန်အတွက် မသိမဖြစ်ဗဟုသုတများ ကြွယ်ဝရန်လိုအပ်သဖြင့် အမြဲတစေ စာပေဖတ်ရှုလေ့လာရန်လိုကြောင်း၊ စာဖတ်ခြင်းသည် စိတ်ခတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဖြစ်စေသည့်အပြင် အတွေးအခေါ်အယူအဆများ မြင့်မားစေသည့်အတွက် တစ်ဦးချင်းစီ၏ အသိပညာ အတတ်ပညာကြွယ်ဝစေပြီး မိမိဘဝကို တိုးတက်စေနိုင်သည့် စာအုပ်စာပေဗဟုသုတများကိုလည်း လေ့လာမှတ်သားရမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းတာဝန်နှင့် သက်ဆိုင်သမျှကိုလည်း သိရှိအောင် အမြဲကြိုးစားနေမည်ဆိုပါက အောင်မြင်မှု အခွင့်အလမ်းများ မလွဲမသွေရရှိမည်ဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် စစ်လက်နက်ပစ္စည်း၊ စစ်အသုံးအဆောင်ပစ္စည်း၊ စစ်နည်းဗျူဟာများနှင့် စစ်မှုနည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း စဉ်ဆက်မပြတ် ကြိုးစားသွားကြရမည်ဖြစ်ပြီး စွမ်းရည်ပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### အသက်ဝိညာဉ်လည်းဖြစ်

မိမိတို့တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများ ဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရန် လိုအပ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက်အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ် မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက် ဖြစ်အောင် နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ တပ်မတော်၏ အစဉ်အလာကောင်းများကို စောင့်ထိန်းကြရမည့်သူများဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်သကဲ့သို့ အသက်ဝိညာဉ်လည်း ဖြစ်ကြောင်း။

တပ်မတော်ကို စတင်ဝင်ရောက်စဉ် ပထမဆုံးသင်ကြားလေ့ကျင့်ပေးသည့် ဘာသာရပ်မှာ အခြေခံစစ်ရေးပြခြင်း ဘာသာရပ်ဖြစ်ပြီး စစ်ရေးပြခြင်း၏ ရည်ရွယ်ချက်မှာ စစ်စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နှင့်တာဝန်ကို နာခံတတ်ခြင်းပင်ဖြစ်သဖြင့် တပ်မတော်သားတိုင်း၏ အခြေခံသည် စစ်စည်းကမ်းက စတင်ခြင်းဖြစ်ကြောင်း။

### စနစ်တကျဖွဲ့စည်း လေ့ကျင့်မှုများရှိရမည်

**အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာနှင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နိုင်ရန်အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုများနှင့် စနစ်တကျဖွဲ့စည်း လေ့ကျင့်မှုများရှိရမည်ဖြစ်**ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ကြာရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း စတင်သန္ဓေတည် ပေါက်ဖွားလာကတည်းက စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်သဖြင့် နိုင်ငံအတွက် အခိုင်မာဆုံး Institution ဖြစ်ကြောင်း။

### ခေါင်းဆောင်များဖြစ်လာကြမည်

တာဝန်ထမ်းဆောင်ရာတွင် စည်းကမ်းနှင့် အမိန့်များအပြင် စစ်သည်တော်တိုင်း လိုက်နာကြရမည့် အပါး(၆၀)သော ကျင့်ဝတ်များကို တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိမည့် ခေါင်းဆောင်များဖြစ်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် စစ်ဘက်ဥပဒေများသာမက နယ်ဘက်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာစစ်ပွဲဆိုင်ရာ ဥပဒေများနှင့် ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement–ROE) ကိုလည်း တိကျစွာ လိုက်နာကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသေးအဖွဲ့စည်းကမ်းများကအစ စံနမူနာပြဖြစ်စေရန် ကိုယ်တိုင်ကျင့်ကြံနေထိုင်ပြီး လက်အောက်ငယ်သားများပါ လိုက်ပါလုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃)မှ ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နိုင်ငံတော်၏ ကြီးလေးသော ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရမည့် သူများဖြစ်သဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန် လိုကြောင်း၊ ထို့ကြောင့် ပေးအပ်လာမည့် ရည်မှန်းချက် တာဝန်များကို ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလို**

**❖ အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာနှင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နိုင်ရန်အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့်ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုများနှင့် စနစ်တကျဖွဲ့စည်း လေ့ကျင့်မှုများရှိရမည်ဖြစ်**

# ဒီမိုကရေစီ၏အခြေခံအကျဆုံးအချက်သည် စည်းကမ်းလိုက်နာခြင်းနှင့်ဥပဒေကို တန်ဖိုးထားလေးစားခြင်းတို့ပင်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ခေါင်းဆောင်ငယ်များဖြစ်သဖြင့် စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရား ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ဘာသာရေး၊ လူမှုရေး အဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်သွားရမည်ဖြစ်သည့်အပြင် သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်မွေးပြီး လေးစားတန်ဖိုးထားရမည်ဖြစ်ကြောင်း၊ မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲတတ်ရမည်ဖြစ်ပြီး လိုချင်တပ်မက်မှုနည်းကာ ခြိုးခြံချွေတာစိတ် ရှိရမည်ဖြစ်ကြောင်း၊ **မိမိတို့ မြန်မာလူမျိုးများသည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားရေးလက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်သဖြင့် အမျိုးသားရေးလက္ခဏာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် လိုအပ်**ကြောင်း၊ အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားယဉ်ကျေးမှုများ လျော့နည်းလာမည်ဆိုပါက မျိုးချစ်စိတ်ဓာတ်သည်လည်း တိမ်ကောပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ် ကင်းမဲ့ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကြီးမားဆုံးသောအန္တရာယ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

**အစဉ်အလာများကို လေးစားလိုက်နာ**

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းရေးတို့သည် မိမိတို့တပ်မတော်အတွက်သာမက တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း၊ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကိုထိပါက မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည်ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး မပျက်မယွင်းအောင် ထိန်းသိမ်းလိုသည့်စိတ်များ မွေးမြူသွားကြရန် ပြောကြားလိုကြောင်း။

**ခေါင်းဆောင်များ၏အခန်းကဏ္ဍမှာ အရေးပါ**

ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီး သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် မိမိကွပ်ကဲရသည့် လက်အောက်တပ်ဖွဲ့ဝင်များကို မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လိုအပ်ကြောင်း၊ အခြေခံအကျဆုံး အဖွဲ့စနစ်မှစပြီး တပ်အရွယ်အစား ကြီးမားလာသည်နှင့်အမျှ ခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ အရေးပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**အောင်မြင်သည့်ခေါင်းဆောင်မှု ဆိုသည်မှာ ငယ်သားများအနေဖြင့် ခေါင်းဆောင်လုပ်သူ၏ လိုလားချက်တာဝန်များအပေါ် ၎င်းတို့၏ သဘောဆန္ဒအလျောက် တစ်စိတ်တစ်ဝမ်းတည်း အတူတကွ အားလုံးလိုက်ပါ လုပ်ဆောင်ကြခြင်းပင်ဖြစ်**ကြောင်း၊ မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ်သည့် နေရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ ကျောသားရင်သားမခွဲခြားဘဲ မျှတမှန်ကန်စွာ ခေါင်းဆောင်ခြင်းများ လိုအပ်ကြောင်း၊ ထို့ပြင် မိမိကိုယ်ကို စံနမူနာပြဖြစ်အောင် နေထိုင်ကျင့်ကြံရမည်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်တို့ကို မျှတစွာ ပေါင်းစပ်အသုံးချပြီး လက်အောက်ငယ်သားများ၏ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရယူရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်ကောင်းဆိုသည်မှာ ရောင့်ရဲတင်းတိမ်မှုရှိရန် လိုအပ်ကြောင်း။

> **"တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ရေး ဒီမိုကရေစီရည်မှန်းချက်များ အောင်မြင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးပင်ဖြစ်"**

**အလေးထားဆောင်ရွက်**

အဖွဲ့အစည်းတစ်ခု ခိုင်မာအားကောင်းပြီး မယိုင်မလဲ ရပ်တည်သွားနိုင်ရန်အတွက် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စည်းလုံးညီညွတ်ပြီးခိုင်မာသည့် တပ်မတော်မရှိပါက နိုင်ငံတော်သည် ယိမ်းယိုင်ချည့်နဲ့သွားနိုင်သည်ကို မှတ်သားထားကြရန်လိုကြောင်း၊ စည်းရုံးရေးစွမ်းရည်ကောင်းမွန်ပါက အုပ်ချုပ်ရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

**အထောက်အကူများစွာပေးနိုင်မည်**

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာသာမက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communications Technology –ICT)များ အရှိန်အဟုန်နှင့် လျင်မြန်စွာ တိုးတက်လာသည့်အတွက် စစ်မှုရေးရာများတွင်လည်း ပြောင်းလဲလာခဲ့ကြောင်း၊ စစ်ဘက်ဆိုင်ရာကိစ္စရပ်များတွင် တိုးတက်လာသည့် နည်းပညာများကို မှန်ကန်စွာ အသုံးချခြင်းသည် တပ်ဖွဲ့ဝင်များအတွက် အလွန်အသုံးဝင်ပြီး အထောက်အကူများစွာ ပေးနိုင်မည်ဖြစ်ကြောင်း။

ဖြစ်ပေါ်နေသည့် နိုင်ငံ့အရေး၊ နိုင်ငံတကာအရေးများကို မပြတ်သိရှိနေရန် ဖတ်ရှုမှတ်သားလေ့လာနေကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေအရ ပညာရည်မြှင့်တင်ရေးသည် အရေးကြီးသကဲ့သို့ စဉ်ဆက်မပြတ်လေ့လာမှုသည်လည်း အရေးကြီးပြီး မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် လေ့လာ၍ ပညာရယူရန်လိုကြောင်း။

**စည်းကမ်းတကျအသုံးပြု**

ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကွန်ရက်များတွင် သတင်းအချက်အလက်များ များပြားလာမှုကြောင့် သတင်းမှား၊ သတင်းတုများကို တပ်မတော်သားများအနေဖြင့် အသိတရားလက်ကိုင်ထားပြီး ခွဲခြမ်းစိတ်ဖြာတတ်ရန် လိုအပ်ကြောင်း၊ လွတ်လပ်ရေး ရပြီးစကာလတွင်လည်း နိုင်ငံရေးပါတီများသည် ၎င်းတို့၏ အာဏာလွန်ဆွဲပွဲတွင် အနိုင်ရရှိရေးအတွက် တပ်မတော်ကိုအသုံးချရန် တပ်မတော်အတွင်း သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်၍ မရခဲ့သည့်အတွက် နောက်ဆုံးတွင် တပ်မတော်ကိုပြိုကွဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများကို အလေးထားလုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊

*စာမျက်နှာ ၅ သို့*

> ❑ **မိမိတို့ မြန်မာလူမျိုးများသည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားရေးလက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်သဖြင့် အမျိုးသားရေးလက္ခဏာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်လိုအပ်**

> ◆ **အောင်မြင်သည့်ခေါင်းဆောင်မှုဆိုသည်မှာ ငယ်သားများအနေဖြင့် ခေါင်းဆောင်လုပ်သူ၏ လိုလားချက်တာဝန်များအပေါ် ၎င်းတို့၏ သဘောဆန္ဒအလျောက် တစ်စိတ်တစ်ဝမ်းတည်း အတူတကွ အားလုံး လိုက်ပါလုပ်ဆောင်ကြခြင်းပင်ဖြစ်**

# ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရသည်ဆိုသော်လည်း အများဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

လူမှုကွန်ရက်များမှတစ်ဆင့် သတင်းပေါက်ကြားမှုများ ဖြစ်ပေါ်တတ်သကဲ့သို့ သတင်းမှားများ၊ ကောလာဟလများ၊ သွေးထိုးလှုံ့ဆော်မှုများ ပါဝင်နေသည်ဖြစ်သည့်အတွက် ဉာဏ်သတိနှင့်ယှဉ်ပြီး စည်းကမ်းတကျ အသုံးပြုတတ်ကြရန် လိုအပ်ကြောင်း။

**တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ရေး ဒီမိုကရေစီ ရည်မှန်းချက်များအောင်မြင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးပင်ဖြစ်**ကြောင်း၊ တပ်မတော်က ချမှတ်ထားသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက်ရှိသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

## ဆက်လက်ကြိုးစားဆောင်ရွက်

**ဒီမိုကရေစီ၏ အခြေခံအကျဆုံးအချက်သည် စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို တန်ဖိုးထားလေးစားခြင်းတို့ပင်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့ တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေ ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

**"နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ် မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်"**

## ယင်းစနစ်၏ အသက်ပင်ဖြစ်

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် တရားမျှတပြီး လွတ်လပ်သည့် အထွေထွေရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ် ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ ယင်းစနစ်၏ အသက်ပင်ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဒီမိုကရေစီတည်ဆောက်စ နိုင်ငံမျိုးတွင် ပိုပြီး အရေးကြီးကြောင်း၊ တိုင်းရင်းသားပြည်သူလူထုဆန္ဒနှင့်အညီ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အနေဖြင့် လိုအပ်သည့်အခြေခံမှစ၍ တည်ဆောက်ပေးခဲ့သည်မှာ ဒီမိုကရေစီလမ်းကြောင်း အစိုးရနှစ်ဆက်တိုင် လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲများ၏ လွတ်လပ်မျှတမှုသည် ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲပြီးကာလဟူ၍ ကာလသုံးခုလုံး လွတ်လပ်မှသာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဟု ခေါ်နိုင်ကြောင်း။

## ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သာဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကာလများ၌ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်သည့် မဲမသမာမှုများသည် တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်ပြီး ရှက်ဖွယ်ကောင်းသည့် ဖြစ်စဉ်များဖြစ်သကဲ့သို့ ပြည်သူပြည်သားအားလုံးနှင့် နိုင်ငံတော်အပေါ်၌လည်း ထိခိုက်နစ်နာမှုများ ရှိခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မဲမသမာမှုများ ဖော်ထုတ်တွေ့ရှိခဲ့သည်ကို ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းမှု မလုပ်ဆောင်ဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သာဖြစ်ကြောင်း။

ဒီမိုကရေစီကို ချစ်မြတ်နိုး၊ တန်ဖိုးထားသူတိုင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း ယခုနိုင်ငံရေးဖြစ်ရပ်ကို နားလည်လက်ခံကြသော်လည်း ပြည်ပသြဇာခံများနှင့် မျက်စိပိတ် နားပိတ်ထားသူများသည် ဖြစ်ရပ်မှန်ကို လက်မခံနိုင်ဘဲ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများမှတစ်ဆင့် ပေါ်ပေါက်လာသည့် CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်စည်းရုံးမှုကြောင့် အချို့သောသူများသည် အသိဉာဏ်ပညာများ ပျောက်ကွယ်သွားရလောက်သည်အထိ ဝါဒမှိုင်းမိနေကြပြီး ပညာမဲ့လူများ၏ လှုံ့ဆော်မှုနောက်သို့ မျက်ကန်းလမ်းလျှောက်သဖွယ် အကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေကြခြင်းသည် ၎င်းတို့၏အနာဂတ်ကို ကိုယ်တိုင်တစ်စစီချေဖျက်နေခြင်းပင်ဖြစ်ကြောင်း။

## အားပေးအားမြှောက် ပြုလုပ်နေ

အကြမ်းဖက်အဖွဲ့အစည်းများသည် စာသင်ကျောင်းများ၊ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများ မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုများကို နှောင့်ယှက်ဟန့်တားခြင်း၊ လုံခြုံရေးတပ်ဖွဲ့များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် တိုင်းပြည်ဖျက်နေခြင်းဖြစ်သဖြင့် ပြည်သူလူထုက အကြမ်းဖက်လုပ်ရပ်အဖြစ် နားလည်လက်ခံကြသော်လည်း ပြည်တွင်းမှ အစွန်းရောက်သူအချို့နှင့် အချို့နိုင်ငံများက မျက်ကွယ်ပြုပြီး အားပေးအားမြှောက် ပြုလုပ်နေကြကြောင်း။

## ဆက်လက်ထိန်းသိမ်းဆောင်ရွက်

**ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရသည်ဆိုသော်လည်း အများဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန် လိုအပ်**ကြောင်း၊ ရိုးသားမှုမရှိသည့်နိုင်ငံရေးသည် စစ်မှန်သည့် ဒီမိုကရေစီဟုပြောနိုင်ရန် ခဲယဉ်းသည်ကို သတိချပ်စေလိုကြောင်း၊ မိမိတို့နိုင်ငံတော်သည် ပြည်သူများ၏ ဆန္ဒနှင့်အညီရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေသည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခိုင်ခိုင်မာမာဖြစ်တည်ရေး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်ရန်လိုအပ်သကဲ့သို့ လုံခြုံရေးအရလည်း တည်ငြိမ်နေရန်လိုအပ်ကြောင်း။

## ကြိုးစားအားထုတ်မှုများနှင့် ပေါင်းစပ်

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာမဆုံးရှုံးစေရေး၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံသူ၊ နိုင်ငံသားများကို ကာကွယ်ရေးဖြစ်သည်ကို ပြောကြားလိုကြောင်း၊ **နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ် မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး သုံးပါးကို ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်**ကြောင်း၊ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် အထက်က ယုံကြည်အားထားရပြီး လက်အောက်က လေးစားအားကိုးရသည့် အရာရှိကောင်းများဖြစ်ရန်၊ ပြည်သူက ယုံကြည်အားကိုးရသည့် အရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် အသိပညာအတတ်ပညာရပ်များကို

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။



**"နိုင်ငံတော်နှင့် တပ်မတော်က နောင်အနာဂတ်တွင် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်မှန်းပြီး လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်သည့်အတွက် သင်ကြားပေးလိုက်သည့် ပညာများ၊ အခြေခံကောင်းများဖြင့် တာဝန်ကို သစ္စာရှိရှိ ကြိုးစားအားထုတ်ဆောင်ရွက်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ကျေးဇူးကို ဆပ်ရာရောက်မည်ဖြစ်"**

*စာမျက်နှာ ၅ မှ*

မိမိတို့၏ တွေးခေါ်မြော်မြင်တတ်မှု၊ ကြိုးစားအားထုတ်မှုများနှင့် ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်မြင့်မားစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးတွင် ရှိရမည့် အရည်အသွေးများ ပြည့်ဝစေရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆) ရပ်နှင့်အညီ တိကျစွာလိုက်ပါလုပ်ဆောင်ပြီး လက်တွေ့နယ်ပယ်အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရန်အတွက် ပေးအပ်လာမည့်တာဝန်များအပေါ် တိတိကျကျ လိုက်နာဆောင်ရွက်ပြီး မိမိတတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

## ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

## ထူးခြားမှုတစ်ခုပင်ဖြစ်

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစား အားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ယခုဗိုလ်လောင်းအမှတ်စဉ် တတိယနှစ်နှင့် နောက်ဆုံးနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သဖြင့် သင်တန်းကာလ နှစ်နှစ်သည် တစ်နှစ်ပတ်လုံး တပ်ပြင်ထွက်ခွင့်မရရှိဘဲ စာပေပညာ၊ စစ်ပညာများကို ပိုမိုလေ့လာလေ့ကျင့်ခဲ့သည်မှာ ထူးခြားမှုတစ်ခုပင်ဖြစ်ကြောင်း။

## လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်


ထူးချွန်ဆုရ ဗိုလ်လောင်းများ၏ မိဘများသည် တောင်သူလယ်သမားများ၊ သာမန် အခြေခံမိသားစုများပင်ဖြစ်သည်ကို တွေ့ရှိရပြီး ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး ငယ်စဉ်ကတည်းကပင် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာ ကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ **နိုင်ငံတော်နှင့် တပ်မတော်က နောင်အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ရည်မှန်းပြီး လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်သည့်အတွက် သင်ကြားပေးလိုက်သည့် ပညာများ၊ အခြေခံကောင်းများဖြင့် တာဝန်ကို သစ္စာရှိရှိ ကြိုးစားအားထုတ်ဆောင်ရွက်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ ကျေးဇူးကို ဆပ်ရာရောက်မည်ဖြစ်ကြောင်း၊** စစ်သားကောင်းတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော် ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်း သင်ယူကြရန်လိုကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်စေရေး၊ မိသားစုများ၏ မျှော်မှန်းချက်များ ဖြစ်ပေါ်လာစေရေး မိမိကိုယ်ကို ထိန်းသိမ်းပြီး မိမိဘဝကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## အမြဲမပြတ် ဖတ်ရှုလေ့လာမှတ်သား

ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် ခေတ်နှင့်အမီလိုက်နိုင်ရေး၊ နည်းပညာပိုင်းဆိုင်ရာများတွင် နောက်ကျမကျန်ခဲ့စေရေးတို့အတွက် သိသင့်သိထိုက်သည့် မှန်သမျှကို အမြဲမပြတ်ဖတ်ရှုလေ့လာမှတ်သားနေရမည်ဖြစ်ကြောင်း၊ ယခုကျောင်းတော်ကြီးမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများ၊ ကောင်းမွန်သည့် အလေ့အကျင့်များကို အသုံးချပြီး ဘဝတစ်လျှောက်လုံးတွင် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုက ဂုဏ်ယူအားထားကြရသူများ ဖြစ်လာအောင် သစ္စာရှိစွာဖြင့် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာ မျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ RVK Myanmar Co.Ltd သို့ ငှားရမ်းဆောင်ရွက်ထားသည့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) မှ ထုတ်လုပ်ထားသော ဆေးဝါးများအား ကြည့်ရှုစဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက စက်ရုံသမိုင်းအကျဉ်း၊ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ (ASEAN OSHNET) အား ၂၀၁၈ ခုနှစ်တွင် စတုတ္ထဆုရရှိခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံယှဉ်ပြိုင်ခဲ့ရာ Excellent Award ဆုကို မြန်မာနိုင်ငံကိုယ်စားရရှိခဲ့မှုအခြေအနေ၊ စက်ရုံအတွင်း ဌာနအလိုက် ဝန်ထမ်းများ ခန့်အပ်ထားရှိမှုအခြေအနေ၊ စက်ရုံမှ ဆေးဝါးများ နှစ်အလိုက် ထုတ်လုပ်ခဲ့မှုနှင့် ပြင်ပဌာနများသို့ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆေးများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး အရည်အသွေး စစ်ဆေးမှုများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် အဓိက လိုအပ်သည့် ဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် ဆေးဝါးများအား သုတေသနပြု၍ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ ဆေးဝါးများထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ရှိသည့် ဆေးဝါးများအနက်မှ မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ဆေးဝါးများပြည့်မီအောင် ပြည်တွင်း၌ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်အား သုတေသနပြုလုပ်၍ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော ကုန်ကြမ်းများ အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ မိမိတို့နိုင်ငံတွင်း အဖြစ်အများဆုံး ရောဂါများကို သုတေသနပြု၍ လိုအပ်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများအတွက် အဓိကအထောက်အကူပြု အကျိုးပြုသည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း လူ့အသက်ထက် အရေးကြီးသည်မှာ မရှိဟူသော မူဝါဒအတိုင်း လိုအပ်သည့် ဆေးဝါးများကို ပြည်ပနိုင်ငံများမှ တင်သွင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ချိန်တွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း၌ လိုအပ်သည့် အခြေခံဆေးဝါးများကို ပြည့်မီအောင် ထုတ်လုပ်ရန် မှာကြားပြီး တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် သည် စက်ရုံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများအား ကြည့်ရှု၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အရည်အသွေးစစ်ဆေးရေးဌာန၊ သောက်ဆေးရည်ဌာန၊ ထိုးဆေးအမှုန့်ထုတ်လုပ်ရေးဌာန၊ ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်ရေးဌာန၊ ကုန်ကြမ်း၊ ကုန်ချောထိန်းသိမ်းရေးဌာနတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများ အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်သည့်အပြင် ပြည်သူများ အလွယ်တကူရရှိသုံးစွဲနေကြသည့် စပ်ဆေးများ၏ဘေးထွက်ဆိုးကျိုးများကိုလည်း ကျန်းမာရေးအသိပညာပေးရန် လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ RVK Myanmar Co.Ltd သို့ ငှားရမ်းဆောင်ရွက်ထားသည့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) မှ အာရုံကြောအားဆေးများ၊ ဆီးချိုရောဂါကုသဆေး၊ သွေးတိုးနှင့်

*စာမျက်နှာ ၈ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၇ မှ*

နှလုံးရောဂါ ကုသဆေးများ၊ အကိုက်အခဲပျောက်အရောင်ကျဆေး၊ ဗိုက်တာမင် ဘီအုပ်စုအားဆေး၊ ပဋိဇီဝပိုးသတ်ဆေး၊ လက်သန့်ဆေးရည်၊ စွမ်းအင်ဖြည့်ရန်နှင့် အီလက်ထရိုလိုက်ညှိထိန်း ဖျော်ရည်မှုန့်တို့အား ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိကြပြီး ဘူတာအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားဌာန အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်အုပ်ချုပ်ရေး) ဦးစိုင်းသော်လင်း၊ ရုံပိုင်ကြီး (အထူးတန်း) ဦးသိန်းကျော်ငြွေးနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ရှေးမူမပျက်ထိန်းသိမ်း

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဘူတာသည် ခရီးသွားများအတွက် အကျိုးရှိသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မန္တလေး- ပြင်ဦးလွင်- နောင်ချိုရထားလမ်းများအား ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲ၍ ရထားမောင်းချိန်များ လျှော့ချနိုင်ရေးအတွက် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရထားလမ်းများအား စနစ်တကျ ထိန်းသိမ်းခြင်းများဆောင်ရွက်နေရန်လိုကြောင်း၊ ခရီးသွားများ အဆင်ပြေစေရေးအတွက် ရထားလမ်း ပလက်ဖောင်းများအား တိုးချဲ့ဆောက်လုပ်ရန် လိုကြောင်း၊ ပြင်ဦးလွင်ဘူတာရုံ အဆောက်အဦသည် ရှေးဟောင်း အဆောက်အဦဖြစ်သဖြင့် ရှေးမူမပျက်ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ကန်တော်ကြီး ရေလှောင်ကန် ရေရှည်တည်တံ့စေရေး အဆင့်လိုက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုနှင့်ကန်အတွင်း ရေဝင်ရောက်မှုရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီး ရေလှောင်ကန် တည်တံ့စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကန်တော်ကြီး ရေလှောင်ကန်တွင်း ရေဝင်ရောက်မှု နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုနှစ် စက်တင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးစဉ်တွင် ကန်တော်ကြီး ရေလှောင်ကန်၏ ရေဝေရေလဲ ကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေး အတွက် လမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများမှ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်းရေဝင်ရောက်မှုမှာ ယခင်နှစ် ကာလတူတွင် ရေလှောင်ကန်အတွင်း ရေအမှတ် ၁၁ ပေ သာရှိခဲ့ရာမှ ယခုအခါတွင် ၁၉ ဒသမ ၄ ပေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃)သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မင်းလတ်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မဲခေါင်–လန်ချန်း အထူးရန်ပုံငွေဖြင့် ရေကြီးမည့်ကြိုတင်သတိပေးစနစ်ကို အထောက်အကူပြုမည့် မိုးရေချိန်တိုင်းကိရိယာများ တပ်ဆင်ခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၇

**ဒုတိယအကြိမ် မဲခေါင်–လန်ချန်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တရုတ်နိုင်ငံက ဦးဆောင်၍ ဘေဂျင်းမြို့၌ ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပလျက်ရှိသည်။**

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မဲခေါင်–လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု ပူးတွဲလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ သုတေသနပညာရှင်များအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနရှစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ဝန်ကြီးများနှင့် ကမ္ဘာ့ကုလသမဂ္ဂ Under Secretary General H.E. Liu Zhenmin တို့က အဖွင့်အမှာစကား ပြောကြားကာ ဖိုရမ်ကို ဖွင့်လှစ်ပေးသည်။

**အခွင့်အလမ်းကောင်းတစ်ရပ်**

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုဖိုရမ်သည် အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် မဲခေါင်–လန်ချန်းမြစ်ဝှမ်းဒေသနိုင်ငံများ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို မျှဝေရန်၊ အလားအလာရှိသော ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးရန်အတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ် ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ခံစားရလျက်ရှိကြောင်း၊ အနည်ပို့ချခြင်း၊ သောက်သုံးရေ ရှားပါးခြင်းနှင့် ရေ၏အရည်အသွေး ကျဆင်းလာခြင်းစသည့် ထပ်ဆောင်းစိန်ခေါ်မှုများလည်း နိုင်ငံတစ်ဝန်း ကြုံတွေ့ရလျက်ရှိကြောင်း၊ ယင်းစိန်ခေါ်မှုများကို မြန်မာနိုင်ငံနည်းတူ မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံအားလုံးတွင်လည်း ကြုံတွေ့နေရသည့် ကိစ္စရပ်များဖြစ်သည့်အတွက် ဖိုရမ်သို့ တက်ရောက်လာသူများအနေဖြင့် အဆိုပါစိန်ခေါ်မှုများ ဖြေရှင်းရေးကို ဆောင်ရွက်နိုင်ရေး အလေးအနက်ထား ထည့်သွင်း ဆွေးနွေးစေလိုကြောင်း ဦးစွာပြောကြားသည်။

**တက်ကြွစွာပါဝင်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားသည်ဖြစ်၍ ရေအရင်းအမြစ် စီမံခန့်ခွဲမှုသည် မိမိတို့နိုင်ငံသားများ၏ နေ့စဉ် အသက်မွေးဝမ်းကျောင်းမှုအတွက် လွန်စွာ အရေးပါလျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုတွင်သာမက နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တတိယအကြိမ် အာရှ–ပစိဖိတ်ရေညီလာခံ (3rd Asia–Pacific Water Summit) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ညီလာခံ၌ ကောင်းမွန်သော ရေဆိုင်ရာစီမံခန့်ခွဲရေး၊ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေဖူလုံရေး စသည့် ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရန်အတွက် ရန်ကုန်ကြေညာစာတမ်း(Yangon Declaration)ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ လက်ရှိကာလတွင် မဲခေါင်–လန်ချန်း အထူးရန်ပုံငွေဖြင့် ရေကြီးမည့်ကြိုတင်သတိပေးစနစ်ကို အထောက်အကူပြုမည့် မိုးရေချိန်တိုင်းကိရိယာများ တပ်ဆင်ခြင်း စီမံကိန်းကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုဖိုရမ်တွင် ဆွေးနွေးသည့် ရလဒ်ကောင်းများမှ တစ်ဆင့် မဲခေါင်–လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုနှင့် ဒေသတွင်း ရေအရင်းအမြစ် စီမံခန့်ခွဲမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်းနှင့် တရုတ်နိုင်ငံက ရေအရင်းအမြစ် စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ကူညီမှုများ၊ ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုး ကူညီပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေး၌ စတင်ဆွေးနွေးခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် ကျင်းပသည့် လန်ချန်း–မဲခေါင်ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး (The 1st Lancang–Mekong Cooperation Leaders' Meeting)တွင် ထုတ်ပြန်သည့် ဆန်းယကြေညာစာတမ်း (Sanya Declaration) ပါ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ငါးခုအနက် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအရ ပထမအကြိမ် မဲခေါင်–လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ဖိုရမ်ကို ယခုနှစ်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**ဆက်လက်ကျင်းပသွားမည်**

ဖိုရမ်၏ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းနှင့် ၈ ရက်တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်မြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက် မျှဝေမှု၊ မဲခေါင်–လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု လူငယ်ဆွေးနွေးပွဲ၊ ရေအရင်းအမြစ်ထိန်းသိမ်းမှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှု၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှု၊ ကျေးလက်ဒေသရေထိန်းသိမ်းမှုနှင့် လူနေမှုအဆင့်အတန်း မြှင့်တင်မှု၊ စဉ်ဆက်မပြတ် ရေအားလျှပ်စစ် ထုတ်လုပ်မှုနှင့် စွမ်းအင်ဖူလုံမှု စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည် ဖြစ်ကြောင်းသိရသည်။**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"(တတိယ)အကြိမ် ပွဲတော်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ Virtual စနစ်ဖြင့်ကျင်းပရန် စီစဉ်

**နေပြည်တော် ဒီဇင်ဘာ ၇**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (တတိယ) အကြိမ် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ တွင် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်–၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



**ချိတ်ဆက်ဆောင်ရွက်**

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"(တတိယ)အကြိမ် ပွဲတော်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ Virtual စနစ်ဖြင့်ကျင်းပရန် စီစဉ်လျက်ရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ MRTV အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များအပြင် တိုင်းရင်းသားများအတွက် ကြိုးစား လုပ်ဆောင်ချက်များအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဆွေးနွေးပေးစေလိုပါကြောင်း၊ ပွဲတော်ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" (တတိယ) အကြိမ် ပွဲတော်ကို ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့် အခြေအနေများကြောင့် Virtual Celebration အဖြစ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်နှင့်ပတ်သက်၍ ထုတ်လွှင့်ပြသမည့် နေ့ရက်၊ အချိန်နှင့် ဖျော်ဖြေရေးအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမင်းဇညားစန်းနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်၊ ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သိန်းနိုင်တို့က တိုင်းရင်းသား ပြခန်းများ၊ တိုင်းရင်းသား ဒေသထုတ်ကုန်များ၊ စားသောက်ကုန်များ၊ ရုပ်ရှာအခြေပြု ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ပြခန်းများကို Web Portal ဖြင့် ထုတ်လွှင့်ပြသနိုင်ရေး စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသမည့် အစီအစဉ်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

**ကြည့်ရှုနိုင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ်နှင့် ဒုတိယအကြိမ်များတွင် အောင်မြင်မှုများ ရရှိသကဲ့သို့ ယခုပြုလုပ်မည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"(တတိယ) အကြိမ် ပွဲတော်ကို Virtual Celebration ဖြင့် ကျင်းပထုတ်လွှင့်ခြင်းဖြင့် တစ်ကမ္ဘာလုံးက ကြည့်ရှုနိုင်မည်ဖြစ်သည့်အတွက် အခက်အခဲစိန်ခေါ်မှုများ ရှိသော်လည်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ဝန်ထမ်းသစ်များသည် ပန်းခင်းစီမံချက်အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၇

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းသစ်များ ကြိုဆိုတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)





တွေ့ဆုံပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝန်ထမ်းသစ်များအနေဖြင့် သစ္စာရှိမှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်မှုတို့အတွက် မဖြစ်မနေဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံသားများ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်ရာတွင် ဥပဒေနှင့်အညီ ဝင်/ထွက် သွားလာနိုင်ရေး၊ နိုင်ငံခြားသားများ ဥပဒေနှင့်အညီ ဝင်ရောက်စေရေးနှင့် နိုင်ငံခြားသား တရားမဝင် ဝင်ရောက်မှု မရှိစေရေးတို့အတွက် ဌာန၏ ပထမလုပ်ငန်းတာဝန်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျတာဝန်ယူဆောင်ရွက်ကြရကြောင်း။

နိုင်ငံသား တစ်ဦးအတွက် မရှိမဖြစ်လိုအပ်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းသည် ဒုတိယလုပ်ငန်းတာဝန်ဖြစ်ပြီး အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယလုပ်ငန်းတာဝန်ဖြစ်သည့် ပြည်သူ့အင်အား စာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းသည်လည်း နိုင်ငံတော်အတွက် အရေးကြီးသည့်လုပ်ငန်းတစ်ခု ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းသည် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ တရားဝင် နယ်စပ်ဂိတ်များတွင် လူဝင်မှုစစ်ဆေးရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရကြောင်း။

အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ သက်သေအထောက်အထား ထုတ်ပေးသည့်လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံသား တစ်ဦးချင်းစီအတွက် အလွန်အရေးကြီးကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲအတွင်း မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးရာ မဲမသမာမှုများ များစွာရှိခဲ့ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား အပါအဝင် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့သူဦးရေအများအပြား ပါဝင်နေသည်ကို စိစစ်တွေ့ရမည် ဖြစ်ကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲအတွက် မှတ်ပုံတင်မရှိသူများကို ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၈ လကြာ ဆောင်ရွက်မည့် ပန်းခင်းစီမံချက်ရေးဆွဲပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွင်းဆင်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယခု ဝန်ထမ်းသစ်များသည် ပန်းခင်းစီမံချက်နှင့်အညီ မွေးဖွားလာသည့် ဌာန၏ပန်းခင်းမျိုးဆက်သစ်များဖြစ်ပြီး ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပြည်သူ့အင်အား စာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မိမိတို့ဌာနမှ ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ e-Government ၏ အခြေခံ အကျဆုံးလုပ်ငန်းဖြစ်သည့် e-ID လုပ်ငန်းကိုလည်း ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ထမ်းသစ်များသည် လူငယ်များဖြစ်သည်နှင့်အညီ နိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးသည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးအတွက် ခံယူချက်၊ ယုံကြည်ချက်ရှိပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ IT နည်းပညာများနှင့် အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းနားလည်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် အကောင်းဆုံးနှင့် အထိရောက်ဆုံး အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းသစ်များ အနေဖြင့်လည်း ဌာန၏ ကောင်းမြတ်သည့်အစဉ်အလာများကို လက်ဆင့်ကမ်းလိုက်နာထိန်းသိမ်းပြီး အဆင့်ဆင့်ကွပ်ကဲ ကြီးကြပ်သူများ၏ သွန်သင်ဆုံးမမှုများကို နာယူမှတ်သားကြရန် လိုကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းသစ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ရုံးချုပ်မှ ဝန်ထမ်းသစ် ၁၃၆ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

SEA GAMES ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် South East Asian Games Federation (SEAGF) Council အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ SEAGF Office အဖွဲ့ဝင်များ ဦးဆောင်၍ အရှေ့တောင်အာရှနိုင်ငံများမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားတွင် South East Asian Games Federation (SEAGF) ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် အရှေ့တောင်အာရှနိုင်ငံ အသီးသီးမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌများက မိတ်ဆက်စကားများ ပြောကြားကြသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအနေဖြင့် မိတ်ဆက်စကားပြောကြားပြီး မိမိတို့နိုင်ငံအနေဖြင့် (31st) SEA GAMES နှင့် (32nd) SEA GAMES ပြိုင်ပွဲများ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံများ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် (31st) SEA GAMES ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံက ပြိုင်ပွဲအား ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ အားကစားနည်း ၄၀၊ ပြိုင်ပွဲအမျိုးအစား ၅၂၆ မျိုးကို ဗီယက်နမ်နိုင်ငံ မြို့ကြီး ၁၂ မြို့၌ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပြီး (32nd) SEA GAMES ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ မြို့ကြီး ငါးမြို့၌ အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ထားရှိပါကြောင်း တင်ပြဆွေးနွေးကာ အစည်းအဝေးတက်ရောက်လာကြသည့် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ အိုလံပစ်ကော်မတီများက (31st) SEA GAMES ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ/ပိတ်ပွဲနှင့် တည်းခိုရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု ကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ ဝင်ခွင့်ကတ်ပြုလုပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြ သည်။

ယခု အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ (32nd) SEA GAMES ပြိုင်ပွဲကို လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌအား South East Asian Games Federation (SEAGF) ပူးတွဲဥက္ကဋ္ဌခန့်အပ်မှုကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၁၄၀ စုစုပေါင်း ၂၅၆ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၆ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၇၇ ဦး၊ အမျိုးသမီး ၂၁၈ ဦး စုစုပေါင်း ၄၉၅ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်း အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇** ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက လရောင်တောစီမံကိန်း အဆောက်အဦများနှင့် ဆက်စပ်အဆောက်အဦများ ဆောက်လုပ်ရာ၌ အသုံးပြုရန်အတွက် မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ်လုံး၊ ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်ခွဲသားများအား လျှော့က်ထားဝယ်ယူခဲ့သည့် ကိစ္စတွင် နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ရှိသူများအပေါ် အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေး အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဟောင်း ဦးအုန်းဝင်းသည် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက လရောင်တောစီမံကိန်းတွင် အသုံးပြုရန်အတွက် ကျွန်းသစ်လုံး၊ ကျွန်းခွဲသား၊ ပျဉ်းကတိုး၊ ပိတောက်သစ် စုစုပေါင်း ၁၇၂ ဒသမ ၀၇၆၄ တန်ကို ရောင်းချပေးရန် နှစ်ကြိမ်လျှော့က်ထားမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ၎င်း၏ ဆုံးဖြတ်ချက်ဖြင့်သာ ရောင်းချပေးရန် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ထံ ညွှန်ကြားခဲ့ခြင်း၊ စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးတွေ့ရှိချက်အရ မြန်မာ့သစ်လုပ်ငန်းက ရောင်းချထားသည့် ဈေးနှုန်းနှင့် တင်ဒါအောင် ဈေးနှုန်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းဦးစီးဌာနတို့၏ ဒေသပေါက်ဈေးနှင့် နှိုင်းယှဉ်တွက်ချက်မှုများအရ နိုင်ငံတော်အနေဖြင့် စုစုပေါင်း ငွေကျပ်သန်း ၁၀၀ ကျော်ခန့် နစ်နာမှုရှိခဲ့ခြင်းကြောင့် ပြည်ထောင်စု ဝန်ကြီးဟောင်း ဦးအုန်းဝင်းသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

* ကျော်ဖုံးမှ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆီးဂိမ်းပြိုင်ပွဲအတွက် ရန်ကုန်မြို့၌ လေ့ကျင့်လျက်ရှိသော အားကစားသမားများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးသည် ညွှန်ကြားရေးမှူးများနှင့်အတူ ယမန်နေ့နံနက် ၇ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ရှိ စခန်းသွင်းလေ့ကျင့်လျက်ရှိသော ဘိလိယက်နှင့် စနူကာ အားကစားသမားများအား လည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ အားကစားသမားများအားလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်အားကစားဝင်းအတွင်းရှိ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အားကစားသမားများအားလည်းကောင်း၊ ၂၀၂၃ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဆီးဂိမ်းပြိုင်ပွဲနီးကပ်လာပြီဖြစ်သည့်အတွက် ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန် လက်ရည်စစ်ပြိုင်ပွဲတွေကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ အားကစားသမားတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အားကစားအဖွဲ့တွေအနေနဲ့ ပြိုင်ပွဲကာလ နီးကပ်လာပြီဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များ ရရှိနိုင်ဖို့ နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်ကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ပြောကြားသည်။

**အာကာစိုး**

# ‘အိုမီခရွန်’ လို မျိုးဗီဇပြောင်းပိုးတွေ ထပ်မံပေါ်ထွက်လာပေမယ့် လူရဲ့ခန္ဓာကိုယ်ထဲကို ဝင်လို့မရအောင် ကိုဗစ် - ၁၉ စည်းကမ်းတွေ၊ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာဖို့၊ ကာကွယ်ဆေးအကြိမ်ပြည့် မဖြစ်မနေထိုးနှံမှုခံယူဖို့ လိုပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ထက်လျှံ

**အထူးသတိပြုစောင့်ကြည့်ရမည့် ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ ‘အိုမီခရွန်’ နှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး ။ ။ ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ ‘အိုမီခရွန်’ နဲ့ ပတ်သက်ပြီး ဘာကြောင့်စောင့်ကြည့်ဖို့ လိုအပ်တယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**


ဖြေ ။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကူးစက်ပျံ့နှံ့မှုများနိုင်တဲ့ ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ တစ်ခုပေါ်ပေါက်လာခဲ့ရင် အရင်ဆုံး စိတ်ဝင်တစား စောင့်ကြည့်ရမယ့် မျိုးကွဲအုပ်စု (Variants of Interest)မှာ ထည့်လေ့ရှိပါတယ်။ ‘လမ်ဘဒါ’တို့၊ ‘မြူ’ တို့ ဗီဇပြောင်းမျိုးကွဲတွေတုန်းကလည်း စိတ်ဝင်တစားစောင့်ကြည့်ရမယ့် မျိုးကွဲအုပ်စုမှာ အရင်ဆုံးထည့်တာဖြစ်ပါတယ်။ ဒီနောက် သူတို့ရဲ့ ကူးစက်ပြန့်ပွားမှု၊ ရောဂါပြင်းထန်မှု၊ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နိုင်မှု၊ ရောဂါဓာတ်ခွဲစမ်းသပ်နိုင်မှု၊ ရောဂါကုသနိုင်မှု စတဲ့အခြေအနေတွေကိုကြည့်ပြီးမှ နောက်တစ်ဆင့်အနေနဲ့ စိုးရိမ်ဖွယ်ကူးစက်ဖြစ်ပွားနိုင်တဲ့အုပ်စု (Variants of Concern) ထဲမှာ ထည့်တာဖြစ်ပါတယ်။ အခု ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ ‘အိုမီခရွန်’မှာ ထူးခြားတဲ့အချက်က စိတ်ဝင်တစားစောင့်ကြည့်ရမယ့် မျိုးကွဲအုပ်စုထဲ အရင်မထည့်ဘဲ စိုးရိမ်ဖွယ်ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာနိုင်တဲ့ အုပ်စုထဲကို တန်းပြီးထည့်ပါတယ်။ ဒီအုပ်စုမှာ ‘အယ်(လ်)ဖာ’၊ ‘ဘီတာ’၊ ‘ဂမ်မာ’၊ ‘ဒယ်လ်တာ’ ဆိုပြီး ရှေ့မှာလေးခုရှိပြီး သူက ငါးခုမြောက် စာရင်းဝင်သွားပါတယ်။

လေးခုမြောက် ‘ဒယ်လ်တာ’ဆိုရင် တစ်ကမ္ဘာလုံးကို ပျံ့နှံ့ပြီး မြန်မာနိုင်ငံကလည်း ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါတယ်။ ‘ဒယ်လ်တာ’တုန်းကဆိုရင် အိန္ဒိယမှာ စတင်တွေ့တဲ့အချိန်က ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလဖြစ်ပြီး ၂၀၂၁ ခုနှစ် ဧပြီလ ၄ ရက်မှာ စိတ်ဝင်တစားစောင့်ကြည့်ရမယ့် မျိုးကွဲအုပ်စု (Variants of Interest)မှာ စာရင်းဝင်တယ်။ စတင်တွေ့ပြီး ရှစ်လခန့်အကြာ ၂၀၂၁ခုနှစ် မေလ ၁၁ ရက်မှာ စိုးရိမ်ဖွယ်ကူးစက်ဖြစ်ပွားနိုင်တဲ့အုပ်စု (Variants of Concern) ထဲကို ထည့်လိုက်တာဖြစ်ပါတယ်။

အခု ‘အိုမီခရွန်’က နိုဝင်ဘာလ ၉ ရက်မှာ တောင်အာဖရိကနိုင်ငံကယူတဲ့ ဓာတ်ခွဲနမူနာမှာ စပြီးတွေ့တယ်လို့သိရတယ်။ မျိုးပြောင်းနေတာတွေကို တောင်အာဖရိက သိပ္ပံပညာရှင်တွေက စတင်သတိပြုမိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်မှာ သတင်းပေးပို့တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့က ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှာ အရေးပေါ်အစည်းအဝေးတစ်ခုပြုလုပ်ပြီး မျိုးဗီဇပြောင်းတာတွေ များပြားနေတဲ့အတွက် အဲဒီနေ့မှာပဲ စိုးရိမ်ဖွယ် ကူးစက်ပြန့်ပွားမှုများ ဖြစ်နိုင်တဲ့ အုပ်စုထဲကို ငါးခုမြောက်အနေနဲ့ ‘အိုမီခရွန်’လို့ အမည်ပေးထည့်သွင်းတာ ဖြစ်တယ်လို့ သိရပါတယ်။

**မေး ။ ။ ‘အိုမီခရွန်’က ဘယ်လိုဗီဇပြောင်းတဲ့ လက္ခဏာတွေရှိတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ ကိုဗစ်–၁၉ မျိုးဗီဇကူးပြောင်းတယ်ဆိုတာ များသောအားဖြင့် ဗိုင်းရပ်စ်ရဲ့ ဆူးချွန်နေရာကပြောင်းရင် အရေးကြီးပါတယ်။ ဆူးချွန်မှာလည်း အဓိကဖြစ်တဲ့ လူ့ခန္ဓာကိုယ်ထဲကို ပူးကပ်ဝင်တဲ့ နေရာဖြစ်တဲ့(receptor binding domain) မှာပြောင်းရင် ပိုလို့အရေးကြီးပါတယ်။ ကာကွယ်ဆေးတွေ ထုတ်လုပ်ရာမှာရော၊ ရောဂါဖြစ်ပြီးသားသူတွေ နောက်တစ်ခါ ပြန်မဖြစ်ဖို့အတွက် ခန္ဓာကိုယ်က ခုခံအားနဲ့ပတ်သက်တဲ့ ပဋိပစ္စည်းတွေ အဓိက တွယ်ကပ်နိုင်တဲ့နေရာဖြစ်တဲ့ ဆူးချွန်မှာ‘အိုမီခရွန်’ မျိုးပြောင်းတာက ၃၂ ခုလောက်ရှိပြီး အဓိကနေရာ receptor binding domain မှာ ၁၀ ခုလောက် ရှိတာကို တွေ့ရပါတယ်။ receptor binding domain မှာ နှစ်ခုခန့်ပြောင်းလို့ double mutant



**❖ ကိုဗစ်-၁၉ ဗိုင်းရပ်စ်တွေ မျိုးပြောင်းတယ်ဆိုပေမယ့်လည်း Mask ကို လုံခြုံစွာတပ်ထားရင် ဖောက်ပြီးဝင်လို့ မရပါဘူး။ အရေပြားကိုလည်း ဖောက်ဝင်လို့မရဘူး။ ဝင်မယ်ဆိုရင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တွေက တစ်ဆင့် ဝင်ရမှာဖြစ်ပါတယ်။ ရှူသွင်းလိုက်တဲ့လေနဲ့ပါလာပြီး ဝင်နိုင်သလို ရောဂါပိုးကပ်ငြိနေတဲ့နေရာတွေကို ကိုင်တွယ်မိတဲ့ လက်တွေနဲ့ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတွေကို လက်မဆေးဘဲ ကိုင်လိုက်မိရင် ရောဂါပိုးဝင်နိုင်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်း/ စည်းကမ်းတွေကို မမေ့မလျော့ သတိနဲ့လိုက်နာရမှာ ဖြစ်ပါတယ်**

variant လို့ခေါ်ခဲ့တဲ့ ဒယ်လ်တာရဲ့ ကမ္ဘာကိုပတ်ပြီး အများကြီး ပျံ့နှံ့ခဲ့တဲ့အနေအထားနဲ့ ယှဉ်ကြည့်လိုက်ရင် ဒီလိုအများကြီးပြောင်းတဲ့အခါ ဘာများဆက်ပြီးဖြစ်မလဲဆိုတာကို စောင့်ကြည့်နေရတာ ဖြစ်ပါတယ်။ ဒါ့အပြင် ‘အိုမီခရွန်’ ဗိုင်းရပ်စ်ပိုး မျိုးကွဲတစ်ခုလုံးရဲ့ ဆူးချွန်အပါအဝင် နေရာအားလုံးမှာ မျိုးပြောင်းတာ ၅၀ လောက်ရှိတယ်လို့ သိရပါတယ်။

နောက်တစ်ချက်က ‘အိုမီခရွန်’ မျိုးကွဲကို တွေ့ရချိန်မှာ တောင်အာဖရိကနိုင်ငံက ကိုဗစ်–၁၉ ဖြစ်ပွားမှုတွေ ပြန်ပြီးတက်လာတာကို တွေ့ရပါတယ်။ ဒီလိုပြန်တက်လာတဲ့ အနေအထားနဲ့ တစ်ဖက်က ဆူးချွန်မှာ မျိုးတွေအများကြီး ပြောင်းနေတဲ့ အနေအထားတို့ ဆက်စပ်ကြည့်လိုက်ရင် စိုးရိမ်ဖွယ် ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာနိုင်တဲ့ ဗိုင်းရပ်စ် အမျိုးအစား (Variants of Concern) အုပ်စုထဲကို ဘာကြောင့် ချက်ချင်းထည့်လိုက်တယ်ဆိုတာ သိနိုင်ပါတယ်။

**မေး ။ ။ တောင်အာဖရိကနိုင်ငံတွေအပြင် အခြား ဘယ်နိုင်ငံတွေမှာ တွေ့ရတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ‘အိုမီခရွန်’ မတိုင်မီ အခြားဗီဇပြောင်း မျိုးကွဲတွေက နိုင်ငံဖြတ်ကျော်ပြီး တစ်နေရာနဲ့ တစ်နေရာကူးဖို့ အချိန်နည်းနည်း ယူရပါတယ်။ ‘အိုမီခရွန်’ က တွေ့ပြီးမကြာခင်မှာ နိုင်ငံအတော်များများမှာ တွေ့ရပါတယ်။ တောင်အာဖရိကနိုင်ငံ၊ ဘော့ဆွာနာနိုင်ငံကနေ ဆက်လက်ပြီး နယ်သာလန်၊ ပေါ်တူဂီ၊ ယူကေ၊ ဂျာမနီ၊ အီတလီ ၊ ဟောင်ကောင်၊ ကနေဒါ စတဲ့နိုင်ငံနဲ့ ဒေသပေါင်း ၂၃ ခုအထိ ပျံ့နှံ့နေပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဒီဇင်ဘာလ ၁ ရက် သတင်းစာရှင်းလင်းပွဲမှ သိရပါတယ်။ တွေ့ရတဲ့ နိုင်ငံ/ဒေသ အရေအတွက်ကလည်း တိုးတက်လာလျက်ရှိပြီး ကမ္ဘာ့အရှေ့ဘက်ခြမ်းမှာဆိုရင် ဟောင်ကောင်၊ ဂျပန် စတဲ့နိုင်ငံတွေ ကမ္ဘာ့အလယ်ပိုင်းမှာ ဥရောပတိုက်၊ အာဖရိက၊ ကမ္ဘာ့အနောက်ခြမ်းမှာ အမေရိကတိုက်မှာလည်း တွေ့လာရပါတယ်။ ကမ္ဘာရဲ့ အရှေ့ခြမ်းရော၊ အလယ်ခြမ်းရော၊ အနောက်ခြမ်းရော အချိန်တိုအတွင်း ပျံ့နှံ့လာနေတာ တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံနဲ့နီးစပ်တဲ့ အိမ်နီးချင်းနိုင်ငံအချို့က ခရီးသွားမှုတွေလည်း များတယ်။ မကြာခင်က ခရီးသွားလုပ်ငန်းတွေကိုလည်း ပြန်ဖွင့်လိုက်တဲ့ နိုင်ငံတွေလည်းရှိတယ်။ ဒီနိုင်ငံတွေကို ရောက်လာနိုင်တာကိုလည်း မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုရမှာ ဖြစ်ပါတယ်။

**မေး ။ ။ ‘အိုမီခရွန်’ ဗီဇပြောင်း ဗိုင်းရပ်စ်အနေနဲ့ နောက်ဆက်တွဲ ဘာတွေများ ဆက်ပြီး ဖြစ်ပေါ်လာနိုင်ပါသလဲ။**

ဖြေ ။ ။ ဒီလောက်မျိုးပြောင်းရင် ဘာတွေဖြစ်မှာလဲ။ ဒါကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေကြပါတယ်။ ပထမအချက်အနေနဲ့ ‘အိုမီခရွန်’က ဆူးချွန်မှာ မျိုးပြောင်းတာများတဲ့အခါ ခန္ဓာကိုယ်က ပဋိပစ္စည်းတွေထွက်စေပြီး ရောဂါကို ကာကွယ်ပေးရတဲ့ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကိုများ လျော့ကျစေနိုင်မှာလား၊ ရောဂါဖြစ်ပွားဖူးတဲ့သူမှာလည်း ပဋိပစ္စည်းတွေ ခန္ဓာကိုယ်ထဲမှာရှိပေမယ့် မျိုးပြောင်းတဲ့ပိုး ထပ်ဝင်လာရင် ရောဂါထပ်ဖြစ်နိုင်မှုတွေ များလာမှာလား၊ လူလုပ်တဲ့ ပဋိပစ္စည်းကုသဆေး (therapeutic monoclonal antibodies) တွေကလည်း ဆူးချွန်တွေကို သွားပြီးဖုံးအုပ်နိုင်တဲ့ အာနိသင်တွေ လျော့ကျသွားမလားဆိုတာကို စောင့်ကြည့်နေပါတယ်။

ဒုတိယအချက်က ဆူးချွန်ရဲ့ လူ့ခန္ဓာကိုယ်ဆဲလ်ထဲကို ဝင်ရောက်နိုင်တဲ့အပိုင်းမှာ ပြောင်းလဲမှုတွေ ရှိတယ်၊ ဒါကြောင့် လူ့ခန္ဓာကိုယ်ထဲကို ပူးကပ်တွယ်ပြီး ဝင်တဲ့နေရာမှာ ပိုပြီး များများဝင်နိုင်လို့ ရောဂါကူးစက်ပျံ့နှံ့မှုတွေ ပိုမြန်နိုင်တာကို စောင့်ကြည့်နေတာဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ‘အယ်(လ်)ဖာ’၊ ‘ဘီတာ’၊ ‘ဂမ်မာ’ နဲ့ ‘လမ်ဘဒါ’ မျိုးကွဲတွေမှာလို ပြောင်းလဲမှုတွေကြောင့် မွေးရာပါကိုယ်ခံအားစနစ်ကို ရှောင်လွှဲနိုင်စွမ်းတွေ ရှိလာနိုင်လို့ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်တာကိုလည်း စောင့်ကြည့်နေတာဖြစ်ပါတယ်။ စတုတ္ထအချက်က ဗိုင်းရပ်စ်ရဲ့အထဲက မျိုးဗီဇမှာ ပြောင်းလဲမှုတွေ ရှိတဲ့အခါ ရောဂါပိုးဝင်တာနဲ့ ရောဂါခပ်မြန်မြန်ဖြစ်ပွားခံစားရတာတွေ တိုးလာမလားဆိုပြီး စောင့်ကြည့်နေတာဖြစ်ပါတယ်။

ဒီလို နောက်ဆက်တွဲတွေ ရှိနိုင်ပေမယ့် လက်တလောအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘာကိုမှ တိတိကျကျမပြောသေးတဲ့ အနေအထား ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ပညာရှင်တစ်ဦးပြောတာက ဒီကိစ္စကို လပေါင်းများစွာ စောင့်ကြည့်ဖို့ မလိုဘူး။ ရက်သတ္တပတ် နည်းနည်း ထပ်ပြီးစောင့်ကြည့်ရင် ဘာဖြစ်နိုင်တယ်၊ ဘယ်လောက် စိုးရိမ်ဖွယ်ရာရှိတယ်ဆိုတာကို ကနဦးထုတ်ပြန်ပေးနိုင်မှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။

**မေး ။ ။ ‘အိုမီခရွန်’က ကာကွယ်ဆေးထိုးနှံထားတဲ့သူတွေမှာရော ဖြစ်ပွားနိုင်သလား၊ ဘယ်လို နည်းစနစ်တွေနဲ့ ကာကွယ်လို့ရနိုင်သလဲဆိုတာကို ပြောကြားပေးပါ။**

ဖြေ ။ ။ ရှေ့မှာလည်း ‘ဒယ်လ်တာ’ အပါအဝင် လေးမျိုးက မျိုးဗီဇတွေပြောင်းပြီး Variants of Concern အုပ်စုမှာ စာရင်းပေါက်ခဲ့ပေမယ့် ကာကွယ်ဆေးတွေက ရောဂါဝင်ရောက်မှု၊ ဖြစ်ပွားမှုကိုလည်း လျော့နည်းစေပါတယ်။ ရောဂါဝင်ရောက်ခဲ့ရင်တောင်မှ ပြင်းပြင်းထန်ထန် ဖြစ်ပွားမှု၊ အသက်သေဆုံးမှုတွေကို သိသိသာသာကို လျော့နည်းစေခဲ့တာ ဖြစ်ပါတယ်။

ဘယ်လိုကာကွယ်ဆေးတွေမဆို ၁၀၀ ရာခိုင်နှုန်း အာနိသင်ထက်မြက်တဲ့ ကာကွယ်ဆေးဆိုတာမရှိဘူး။ ဒါကြောင့် အချို့လူတွေက ကူးစက်ခံရတာဖြစ်ပါတယ်။ ပြောနိုင်တာက ကာကွယ်ဆေးထိုးထားမယ်ဆိုရင် ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှု၊ အသက်သေဆုံးမှုတွေကနေ သိသိသာသာလျှော့ချနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ ‘အိုမီခရွန်’နဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ဘာတွေဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ဖြေ ။ ။ သတင်းအချက်အလက်နဲ့နည်းပညာခေတ်ဆိုတော့ သတင်းတွေက ချက်ချင်းရောက်ပါတယ်။ တကယ်လို့ နိုင်ငံနဲ့ဒေသတွေမှာ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရတဲ့သူတွေများလာရင် တစ်ဖက်က ရောဂါပြင်းထန်စွာဖြစ်ပွားသူ၊ ရောဂါကြောင့် သေဆုံးတဲ့သူ အရေအတွက်တွေလည်း များလာနိုင်တာဖြစ်ပါတယ်။ ဖြစ်ပွားမှုနဲ့ သေဆုံးမှုနှစ်ခုအကြားမှာ ချိတ်ဆက်ထားတဲ့ကွင်းဆက်ကို ဖြတ်တောက်ပေးနိုင်တာက ကာကွယ်ဆေးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ရထားသူတွေများရင် သူတို့မှာ ရောဂါပိုးကူးစက်ခံရရင်တောင် အသက်သေဆုံးတဲ့အထိဖြစ်ဖို့ အလွန်ခဲယဉ်းပါတယ်။ ဒါကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားကောင်းတဲ့နိုင်ငံတွေမှာ ရောဂါကြောင့်သေဆုံးမှုက ကျဆင်းလာတာ တွေ့ရပါတယ်။

ဒါပေမယ့် နိုင်ငံ/ဒေသအများစုမှာ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေအများကြီး ကျန်ရှိနေနိုင်ပါတယ်။ 'အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်တွေကြောင့် ကူးစက်မှုတွေများလာရင်၊ ဒီကတစ်ဆင့် ရောဂါပြင်းထန်သူတွေများလာခဲ့ရင် ကျန်းမာရေးစနစ်တွေမှာ ဝန်ပိမှုတွေဖြစ်လာရင် ဒီနိုင်ငံ/ဒေသအနေနဲ့ နောက်ဆက်တွဲလူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေ ပိတ်ရတာ၊ နှောင့်နှေးတာတွေ ရှိလာနိုင်ပါတယ်။

ဒါကြောင့် 'အိုမီခရွန်' ဝင်မလာနိုင်အောင် နိုင်ငံတကာမှာလည်း ခရီးသွားတာတွေကို ပိတ်ကြတာတွေ၊ ကွာရန်တင်းစည်းကမ်းတွေကို တင်းကျပ်တာတွေ၊ ကွာရန်တင်းကာလကို ရက်တိုးတာတွေ၊ ကွာရန်တင်းကာလအတွင်း ဓာတ်ခွဲစစ်ဆေးမှုအကြိမ် တိုးမြှင့်တာတွေ စပြီးရှိပါလာတယ်။ အာဖရိကတိုက်တောင်ပိုင်းက တောင်အာဖရိကနိုင်ငံအပါအဝင် ထိစပ်နေတဲ့ ရှစ်နိုင်ငံကို ခရီးသွားလာခွင့် ကန့်သတ်ကြတာတွေ ရှိပါတယ်။ လတ်တလောအနေနဲ့ သိရတာက ခရီးသွားလာခွင့်ကန့်သတ်မှုပုံစံမျိုးနဲ့ နိုင်ငံနဲ့ဒေသပေါင်း ၇၀ လောက်က ဒီဒေသက ခရီးသွားတွေနဲ့ ဒီဒေသကို လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း ခရီးသွားခဲ့သူတွေကို ကန့်သတ်လိုက်တာဖြစ်ပါတယ်။ ဒီလိုကန့်သတ်တဲ့ ကမ္ဘာ့နိုင်ငံအရေအတွက် တဖြည်းဖြည်းများလာလျက်ရှိတယ်လို့ သိရပါတယ်။

ဒီတော့ 'အိုမီခရွန်'မျိုးဗီဇပြောင်းဗိုင်းရပ်စ်ကို စတင်သတင်းပေးပို့တဲ့ တောင်အာဖရိကနိုင်ငံက မီဒီယာတွေက သူ့နိုင်ငံအပြင် သူနဲ့ထိစပ်နေတဲ့ နိုင်ငံတွေကိုပါ သတင်းပေးပို့တဲ့အတွက် ပြစ်ဒဏ်ပေးသလိုဖြစ်နေမလားဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းစာရှင်းလင်း ပွဲမှာမေးတာကို တွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံတွေကလည်း အရင်က ရောဂါကူးစက်တဲ့ဒဏ် အထူးသဖြင့် 'ဒယ်လ်တာ'ကို အပြင်းအထန်ခံထားရတာဖြစ်တဲ့အတွက် ပိတ်ကြတာဖြစ်လို့ ဒီနှစ်ခုကြားမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝင်ရောက်ညှိနှိုင်းပေးနေရတဲ့သဘော ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညှိနှိုင်းပေးနေပေမယ့် နိုင်ငံ/ဒေသအတော်များများက လေကြောင်းခရီးသွားလာမှုတွေ၊ ခရီးသည်ဝင်ရောက်တာတွေကို ကန့်သတ်ပိတ်ပင်တာတွေ ဆောင်ရွက်နေတာတွေ့ပါတယ်။

**မေး ။ ။ ကာကွယ်ရေး နည်းလမ်းတွေအနေနဲ့ ဘာတွေ ဆောင်ရွက်ထားသင့်ပါသလဲ။**

ဖြေ ။ ။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်တွေ မျိုးပြောင်းတယ်ဆိုပေမယ့်လည်း Mask ကို လုံခြုံစွာတပ်ထားရင် ဖောက်ပြီးဝင်လို့မရပါဘူး။ အရေပြားကိုလည်း ဖောက်ဝင်လို့မရဘူး။ ဝင်မယ်ဆိုရင်မျက်စိ၊ နှာခေါင်း၊ ပါးစပ်တွေကတစ်ဆင့် ဝင်ရမှာဖြစ်ပါတယ်။ ရှူသွင်းလိုက်တဲ့လေနဲ့ပါလာပြီး ဝင်နိုင်သလို ရောဂါပိုးကပ်ငြိနေတဲ့နေရာတွေကို ကိုင်တွယ်မိတဲ့ လက်တွေနဲ့ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတွေကို လက်မဆေးဘဲ ကိုင်လိုက်မိရင် ရောဂါပိုးဝင်နိုင်ပါတယ်။ ဒါကြောင့် ကိုဗစ် - ၁၉ ကာကွယ်ရေးစည်းမျဉ်း/စည်းကမ်းတွေကို မမေ့မလျော့ သတိနဲ့ လိုက်နာရမှာဖြစ်ပါတယ်။

အကြောင်းကိစ္စမရှိရင် အပြင်မထွက်ဘဲ တတ်နိုင်သမျှ အိမ်မှာနေမယ်။ လူစုလူဝေးရှောင်မယ်။ ပွဲလမ်းသဘင်တွေရှိတယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ် - ၁၉ စည်းကမ်းတွေနဲ့အညီ ဆောင်ရွက်ဖို့လိုပါတယ်။ သံသယလက္ခဏာတစ်ခုခုဖြစ်လာရင် နီးစပ်ရာကျန်းမာရေးဌာနကို သတင်းပို့မယ်။ ဆေးရုံတက်ရောက်ဖို့ လိုတယ်ဆိုရင် အမြန်ဆုံးတက်ရောက်ကုသမှုခံယူနိုင်မှာ ဖြစ်ပါတယ်။

ဗိုင်းရပ်စ်က မျိုးပြောင်းတယ်ဆိုပေမယ့် မဝင်အောင် ကာကွယ်ထားနိုင်တဲ့ နည်းလမ်းတွေကို လူတိုင်းကလုပ်ဆောင်ရင် ဝင်ဖို့ခက်ခဲမှာဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားတယ်ဆိုရင် ရောဂါပြင်းပြင်းထန်ထန်ဖြစ်တာနည်းပါမယ်။ ဒီလို ဆောင်ရွက်ထားတဲ့ လူတွေကြားထဲကို ဗိုင်းရပ်စ်က ဝင်ချင်တိုင်းဝင်လို့ မရတော့ဘူး။ ကူးစက်ခံရသူနည်းတာနဲ့အတူ ထပ်ပြီးတော့ မျိုးပြောင်းဖို့လည်း ခက်သွားတယ်။ တစ်ဖက်ကလည်း ဖြစ်ပွားတဲ့ လူနာဦးရေနည်းလာတာနဲ့အမျှ ဆေးရုံဆေးခန်းတွေ ဝန်ပိတဲ့ပမာဏလည်း နည်းသွားမယ်။ အရေးကြီးတဲ့အချက်က ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူခြင်းဖြစ်ပြီး ဒါကရေရှည်အတွက်တစ်ခုတည်းသော ထွက်ပေါက်လည်းဖြစ်ပါတယ်။ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားတာနဲ့အမျှ ရောဂါဖြစ်နှုန်းတွေ၊ ရောဂါကြောင့် သေဆုံးတာတွေ လျော့ကျလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နေ့စဉ်ရောဂါပိုးတွေ့ရှိမှုက (၃)ရာခိုင်နှုန်းအောက်ကို ကျလာတာ ၁၀ ရက်ကျော်ပြီဖြစ်ပါတယ်။ ဒီလိုအနေအထားကို ဆက်ထိန်းထားပြီး လူမှုစီးပွားဘဝတွေ ပြန်လည်ပတ်နိုင်ဖို့၊ လူမှုစီးပွားလုပ်ငန်းတွေ ပိုပြီးပွင့်လန်းလာစေဖို့က အိုမီခရွန်လို မျိုးဗီဇ ပြောင်းပိုးတွေ ထပ်မံပေါ်ထွက်လာပေမယ့် လူ့ရဲ့ခန္ဓာကိုယ်ထဲကို ဝင်လို့မရအောင် ကိုဗစ် - ၁၉ စည်းကမ်းတွေ၊ ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်းကလိုက်နာဖို့၊ ကာကွယ်ဆေးကို အကြိမ်ပြည့် မဖြစ်မနေထိုးနှံမှုခံယူဖို့ လိုပါတယ်။

မျိုးဗီဇပြောင်းတွေက အိမ်နီးချင်းနိုင်ငံတွေကိုလည်း မကြာခင်ရောက်လာနိုင်တာ ဖြစ်ပါတယ်။ ဒီလိုရောက်လာရင် နယ်စပ်ဒေသတွေကတစ်ဆင့် မြန်မာနိုင်ငံကို မဝင်လာအောင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင်ပြီး ပံ့ပိုးဆောင်ရွက်ဖို့လိုပါတယ်။

အဓိကပြောကြားလိုတာက 'အိုမီခရွန်'နဲ့ပတ်သက်လို့ ပြည်သူတွေအနေနဲ့ အလွန်မစိုးရိမ်မထိတ်လန့်ကြဖို့ ဖြစ်ပါတယ်။ အလွန်စိုးရိမ်ပြီး ဈေးတွေအများကြီးဝယ်စုတာ၊ လုံးဝကို အပြင်မထွက်တော့တာတွေ မလုပ်ဆောင်ဘဲ ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်းသတိရှိရှိ မမေ့မလျော့နဲ့ လိုက်နာကြမယ်။ ကိုယ့်အတွက် အလှည့်ကျရရှိလာတဲ့ကာကွယ်ဆေးကို မပျက်မကွက်ရယူထားမယ်၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင်ပြီး ပံ့ပိုးဆောင်ရွက်မယ်ဆိုရင် 'အိုမီခရွန်'ကြောင့် နောက်ထပ် ရောဂါဖြစ်ပွားမှုတွေနဲ့ ရောဂါကြောင့် သေဆုံးမှုတွေ မြင့်တက်မလာအောင် ဝိုင်းဝန်းကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၌ ဒေသခံပြည်သူ ၁၆၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၇၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၂၄၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၅၀၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၉၅၂၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၆၅၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၌ ကျောင်းသား၊ ကျောင်းသူ ၂၇၀ ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၈၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၉၂၈ ဦးနှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၅၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နယူးယောက်မြို့တော်ဝန် ဘေလ်ဒါဘလာစီယို။

# နယူးယောက်ရှိ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားရန်လို

**နယူးယောက် ဒီဇင်ဘာ ၇**

အိုမီခရွန်ကူးစက်မှု အန္တရာယ်ကြောင့် နယူးယောက်မြို့တွင် ကာကွယ်ဆေးထိုးရမည့် သတ်မှတ်ချက်ကို တိုးမြှင့်လျက်ရှိသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် ၎င်းတို့၏ဝန်ထမ်းများအား ကာကွယ်ဆေးထိုးပေးထားရန် လိုအပ်သည်။

ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ အဆိုပါအမိန့်ကို စတင်မည်ဖြစ်ပြီး လုပ်ငန်းပေါင်း ၁၈၄၀၀၀ ကို လွှမ်းခြုံမည်ဟု နယူးယောက်မြို့တော်ဝန် ဘေလ်ဒါဘလာစီယိုက ဒီဇင်ဘာ ၆ ရက်တွင် ကြေညာခဲ့သည်။

အိုမီခရွန် ကူးစက်မှု၊ အေးမြသည့် ရာသီဥတုနှင့် အားလပ်ရက်ကာလ လူစုလူဝေးပွဲများ မကြာမီစတင်တော့မည်ကို ၎င်းကထောက်ပြခဲ့သည်။

တိကျသည့် စည်းကမ်းချက်များကို ဒီဇင်ဘာ ၁၅ ရက်တွင် ကြေညာသွားမည်ဟု သိရသည်။ ဒီဇင်ဘာ ၁၄ ရက်မှစတင်ကာ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်အထိ ကလေးများမှာ စားသောက်ဆိုင်များနှင့် အခြားသော ဖျော်ဖြေပွဲများသို့သွားရန် ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးကြောင်း လက်မှတ်ပြသရန် လိုအပ်လာမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ အသက် ၁၂နှစ်နှင့် အထက်များသည် ကာကွယ်ဆေးအပြည့်ထိုးပြီးကြောင်း လက်မှတ်ပြသရန် လိုအပ်လာမည်ဖြစ်သည်ဟုလည်း မြို့တော်ဝန်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံရှိ စာသင်ကျောင်းများ၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်နှင့် နိုက်ကလပ်များပိတ်ထားရန် အမိန့်ထုတ်

**ပါရီ ဒီဇင်ဘာ ၇**

ပြင်သစ်နိုင်ငံ၌ ဒီဇင်ဘာ ၆ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်မှုများပြားလာခြင်းကို ထိန်းချုပ်နိုင်ရေးအတွက် စည်းကမ်းအသစ်များ ချမှတ်ထားကြောင်း အစိုးရက ကြေညာခဲ့သည်။

ယခုသီတင်းပတ်မှစတင်ကာ လေးပတ်ကြာ နိုက်ကလပ်များ ပိတ်ထားရန်နှင့် စာသင်ကျောင်းများတွင် ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်ထားသည်။ ထို့ပြင် ကလေးများအတွက် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကိုလည်း ပြုလုပ်ထားသည်။

ထို့ပြင် ပြည်သူများကာကွယ်ဆေးထိုးကြရန်လည်း ပြင်သစ်ဝန်ကြီးချုပ် ယာန်းကက်စ်တက် က တောင်းဆိုထားသည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးကြရန်လည်း တိုက်တွန်းထားသည်။ ပြင်သစ်နိုင်ငံအတွင်း အသက် ၆၅ နှစ်နှင့်အထက်များကို ကြိုတင်ချိန်းဆိုထားစရာမလိုဘဲ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးသည်။

စာသင်ကျောင်းများတွင် စာသင်ခန်းအတွင်းအပြင် နှစ်ခုစလုံးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည်ဟု အမိန့်ထုတ်ထားသည်။ စာသင်ခန်းပြင်ပလှုပ်ရှားမှုများကို ကန့်သတ်ထားသည်။ ကလေးများကာကွယ်ဆေးထိုးရမည့် အစီအစဉ်ကိုလည်း ဒီဇင်ဘာ ၁၅ ရက်တွင် စတင်မည်ဟု သိရသည်။

ကိုဗစ်-၁၉ ကြောင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၂၂၀၀ ရှိပြီး ဆေးရုံတက်နေရသူ ၁၂၀၀၀ ကျော်ရှိသည်ဟု သိရသည်။ ဒီဇင်ဘာ ၅ ရက်တွင် ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး ၁၉၂ ဦးရှိသည်။

ကိုဗစ် -၁၉ မျိုးကွဲအိုမီခရွန်သည် ဒယ်လ်တာထက်ပို၍ အန္တရာယ်ရှိသည်ဟု သက်သေပြချက်မျိုး မရှိသေးသော်လည်း ပြင်သစ်နိုင်ငံတွင် ယခုအချိန်အထိ အိုမီခရွန်ကူးစက်ခံရသူ ၂၅ ဦးရှိလာပြီဟု ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီယန်က ပြောသည်။

**ဆင်ဟွာ**



ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ကျောင်းတက်လာသည့် ကလေးများကို တွေ့ရစဉ်။

# အစ္စရေးနိုင်ငံ၌ အိုမီခရွန်ကူးစက်ခံရသူ ၁၀ ဦး ထပ်မံတွေ့ရှိ

**ဂျေရုဆလင် ဒီဇင်ဘာ ၇**

အစ္စရေးနိုင်ငံ၌ ဒီဇင်ဘာ ၆ ရက်က ကိုဗစ်-၁၉ မျိုးကွဲအိုမီခရွန်ကူးစက်ခံရသူ ၁၀ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၂၁ ဦးအထိ ရှိလာသည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကူးစက်ခံရသူများအနက် ၁၆ ဦးမှာ အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်၊ ယူအေအီးနှင့် တောင်အာဖရိကတို့မှ ပြန်လာကြသူများဖြစ်သည်။ ကူးစက်ခံရသူ ၂၁ ဦးတွင် ရှစ်ဦးမှာ ကာကွယ်ဆေးမထိုးရသေးသူများသို့မဟုတ် လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်ကမှ ကူးစက်ခံရပြီး ပြန်လည် နာလန်ထူလာသူများဖြစ်သည်။

အိုမီခရွန်ကူးစက်ခံရသည်ဟု သံသယရှိသူ ၁၇ ဦးရှိပြီး ဆေးစစ်ချက်အဖြေများကို ပြန်လည်စစ်ဆေးနေသည်ဟု သိရသည်။

**ဆင်ဟွာ**

# မြောက်ကာရိုလိုင်းနား၌ တိုယိုတာကုမ္ပဏီက ဘက်ထရီစက်ရုံ တည်ဆောက်မည်

**အိုက်ချီ ဒီဇင်ဘာ ၇**

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ဂျပန်ကားကုမ္ပဏီဖြစ်သည့် တိုယိုတာကုမ္ပဏီမှ ပထမဆုံး ဘက်ထရီစက်ရုံကို တည်ဆောက်သွားမည်ဟု ကုမ္ပဏီက ဒီဇင်ဘာ ၆ ရက်တွင် ပြောသည်။

မြောက်ကာရိုလိုင်းနားတွင် စက်ရုံတည်ဆောက်ရန် ကောင်းမွန်သည့် အနေအထားများရှိသည်ဟုလည်း ကုမ္ပဏီ၏ အရာရှိတစ်ဦးက ပြောသည်။ လိုအပ်သည့် အစိတ်အပိုင်းများ သယ်ယူပို့ဆောင်ရန်အတွက်လည်း အခြေခံအဆောက်အအုံများမှာ လွယ်ကူမှုရှိသည်ဟု ၎င်းက ဆက်ပြောသည်။




ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်ရရှိနိုင်ခြင်းမှာလည်း နောက်ထပ်ဆွဲဆောင်မှုတစ်ရပ်ပင်ဖြစ်သည်။ ပြည်တွင်းလုပ်ငန်းခွဲတစ်ခုတည်ထောင်ရန်အတွက် တိုယိုတာကုမ္ပဏီသည် တိုယိုတာဆူရှိုကုမ္ပဏီနှင့် လက်တွဲခဲ့သည်။

၎င်းတို့သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ နီးပါးကို ရင်းနှီးမြှုပ်နှံထားပြီး အလုပ်အကိုင်ပေါင်း ၁၇၅၀ ကိုဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းထားသည်။ ၂၀၂၅ ခုနှစ်တွင် စက်ရုံကို ဖွင့်လှစ်နိုင်မည်ဟုလည်း တိုယိုတာကုမ္ပဏီက မျှော်မှန်းထားသည်။

အမေရိကန်ရှိ တိုယိုတာကားကုမ္ပဏီ၏ ပြိုင်ဘက်များသည် အလားတူ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ထားပြီး လျှပ်စစ်ကားများ ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ဂျန်နရယ်မော်တာနှင့် ဖို့ဒ်ကားကုမ္ပဏီတို့သည်လည်း ဘက်ထရီစက်ရုံကို တည်ထောင်ရန် ဆန္ဒရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကင်ညာနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၃၂ ဦးအထိ ရှိလာ

**နိုင်ရိုဘီ ဒီဇင်ဘာ ၇**

ကင်ညာနိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်က ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ဒီဇင်ဘာ ၆ ရက်တွင် ၃၂ ဦးအထိ ရှိလာသည်ဟု သိရသည်။

အဆိုပါရေယာဉ်သည် ခရီးသည် ၅၀ ကို တင်ဆောင်လာခြင်းဖြစ်ပြီး တိုင်းပြည်အရှေ့ပိုင်းရှိ အန်ဇူမြစ်အတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေငုပ်သမားများ သည် လူ ၁၇ ဦးကို ကယ်တင်နိုင်ခဲ့သည်။ နောက်ထပ် အလောင်းများ ထပ်မံတွေ့ရှိခဲ့သည့်အတွက် သေဆုံးသူဦးရေမှာ ၃၂ ဦးအထိ ရှိလာခြင်းဖြစ်သည်။ သေဆုံးသွားသူ များအနက် ၁၅ ဦးမှာ မိသားစုတစ်စုတည်းမှဖြစ်ပြီး မင်္ဂလာဆောင်သို့လာစဉ် ရေယာဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဒီဇင်ဘာ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၇ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၅၂ ဦးရှိ

(၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၇၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၇) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၇) ရာခိုင်နှုန်း** ရှိပါသည်။


သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၁၅,၉၂၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၅,၀၀၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၁,၁၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၅၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၉၈) ခု | (၈၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၄) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၇) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၁) ခု | (၁၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၄၆) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၀) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၀၇၀) ခု | (၂၄၁) ဦး |
| စုစုပေါင်း | (၁၇,၇၂၆) ခု | (၃၆၇) ဦး |

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ
(၂၇–၅–၂၀၂၁ မှ ၆–၁၂–၂၀၂၁)




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၇–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၅၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိ**ကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၇-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၁၄၉၃၂၅ | ၃၉၆၇၂၇၃၅ | ၈၁၀၂၅၄ |
| ၂။ | အိန္ဒိယ | ၃၄၆၄၈၃၈၃ | ၃၄၀၇၉၆၁၂ | ၄၇၃၇၅၇ |
| ၃။ | ဘရာဇီး | ၂၂၁၄၇၄၇၆ | ၂၁၃၇၀၃၈၈ | ၆၁၅၇၈၉ |
| ၄။ | ဗြိတိန် | ၁၀၅၁၅၂၃၉ | ၉၂၅၉၁၇၉ | ၁၄၅၆၄၆ |
| ၅။ | ရုရှား | ၉၈၆၄၈၄၅ | ၈၅၆၅၀၉၁ | ၂၈၃၆၄၄ |
| ၆။ | တူရကီ | ၈၉၂၁၁၅၀ | ၈၄၆၂၃၂၃ | ၇၈၀၁၇ |
| ၇။ | ပြင်သစ် | ၇၉၂၈၅၇၂ | ၇၂၁၁၄၂၃ | ၁၁၉၅၃၅ |
| ၈။ | ဂျာမနီ | ၆၂၁၉၁၆၉ | ၅၁၇၀၄၀၀ | ၁၀၃၉၁၃ |
| ၉။ | အီရန် | ၆၁၄၁၃၃၅ | ၅၉၃၆၉၇၅ | ၁၃၀၃၅၆ |
| ၁၀။ | အာဂျင်တီးနား | ၅၃၄၃၁၅၃ | ၅၂၀၃၈၀၉ | ၁၁၆၆၈၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၈၀၇၆ | ၄၁၀၈၇၁၇ | ၁၄၃၈၉၃ |
| ဖိလစ်ပိုင် | ၂၈၃၅၃၄၅ | ၂၇၇၂၇၂၈ | ၄၉၅၉၁ |
| မလေးရှား | ၂၆၆၃၀၃၄ | ၂၅၇၂၀၅၃ | ၃၀၆၅၂ |
| ထိုင်း | ၂၁၄၈၇၆၆ | ၂၀၆၁၃၇၄ | ၂၀၉၉၅ |
| ဗီယက်နမ် | ၁၃၂၃၆၈၃ | ၁၀၁၀၄၀၇ | ၂၆၄၈၃ |
| မြန်မာ | ၅၂၅၀၀၅ | ၅၀၁၁၈၉ | ၁၉၁၅၂ |
| စင်ကာပူ | ၂၆၉၈၇၃ | ၂၆၀၇၅၄ | ၇၆၃ |
| ကမ္ဘောဒီးယား | ၁၂၀၂၈၆ | ၁၁၆၆၄၂ | ၂၉၆၇ |
| လာအို | ၈၂၀၈၂ | ၆၉၈၀၉ | ၂၁၄ |
| ဘရူနိုင်း | ၁၅၂၂၉ | ၁၄၉၃၂ | ၉၈ |

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အနာဂတ်မျိုးဆက်များအတွက် အဂတိလိုက်စားမှုများအား ဆန့်ကျင်တိုက်ဖျက်ကြပါစို့

*မောင်မင်းဇံ*

အဂတိလိုက်စားမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် တွေ့ကြုံနေရသော ပြဿနာတစ်ရပ်ဖြစ်ပြီး ၎င်း၏ဆိုးကျိုးသက်ရောက်မှုသည် ကြီးမားကျယ်ပြန့်သောကြောင့် နိုင်ငံအစိုးရများက နည်းလမ်းပေါင်းစုံဖြင့် ကိုင်တွယ်ဖြေရှင်းနေကြရပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုများကို ထိထိရောက်ရောက်စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာ၏အသိအမှတ်ပြုမှုကို ရရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ငွေကြေးနှင့် ပိုင်ဆိုင်မှုများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများအား ဖော်ထုတ်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုကြောင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းစေခြင်းနှင့် သိမ်းဆည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ကော်မရှင်က ထုတ်ပြန်သည့် နှစ်ပတ်လည်အစီရင်ခံစာများအရ သိရှိရပါသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တဖြည်းဖြည်းတိုးမြှင့်လုပ်ဆောင်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့သော တတိယအကြိမ်ကော်မရှင်လက်ထက်၌ စုံစမ်းစစ်ဆေးအမှုဖွင့်အရေးယူမှုများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကို နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ကော်မရှင်ကထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များတွင် တွေ့ရှိရပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ပေါ်လာစေရေးတွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကအဟန့်အတားများအနက် တစ်ခုအပါအဝင်ဖြစ်သော အဂတိလိုက်စားမှုများကို အရှိန်အဟုန်ဖြင့် တွန်းလှန်တိုက်ဖျက်ခြင်းများဆောင်ရွက်လာသည်ကို ပြည်သူတစ်ယောက်အနေဖြင့် ကျေနပ်အားရမိပါသည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ခဲ့မှုများ

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကြောင့် ပြည်သူလူထုများကို ထောက်ပံ့ရေးပစ္စည်းများဖြင့် ထောက်ပံ့ခဲ့ရာ ၎င်းပစ္စည်းများကို ခိုးယူခြင်းနှင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများခိုးယူခြင်းမှ ကာကွယ်သည့် ကော်မတီကို ၂၃-၁၂-၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးကော်မတီနှင့် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးရဲအဖွဲ့တို့ကို ဖွဲ့စည်းပြီး ပြည်သူ့ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုများကို ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီး (Penal Code) အခန်း(၉)၊ ပုဒ်မ ၁၆၁ မှ ၁၆၅ အထိ၌ ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို သီးခြားပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ကြပါသည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

နိုင်ငံတော်သမ္မတဦးသိန်းစိန်လက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၈-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/၂၀၁၃ ဖြင့် “လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ”ကို ဖွဲ့စည်းခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃ ဖြင့်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် ၁၇-၉-၂၀၁၃ ရက်နေ့မှစ၍ အာဏာတည်ခဲ့ပါသည်။ ပြောင်းလဲလာသောခေတ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့်ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေကို ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂/၂၀၁၄ ဖြင့် ပုဒ်မလေးခုကိုလည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၂၉-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃/၂၀၁၆ ဖြင့် ပုဒ်မသုံးခုကိုလည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၃၁-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈/၂၀၁၇ဖြင့် ပုဒ်မနှစ်ခုကိုလည်းကောင်း၊ စတုတ္ထအကြိမ် ပြင်ဆင်ခြင်းအဖြစ် ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀/၂၀၁၈ ဖြင့် ပုဒ်မ ၂၄ ခုကိုလည်းကောင်း ပြင်ဆင်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေအား ၁၀-၇-၂၀၁၅ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

### ကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၆/၂၀၁၄ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ယခင် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်) အား ၂၅-၂-၂၀၁၄ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသမိုင်းကြောင်းတွင် အရေးပါသည့် အပြောင်းအလဲတစ်ခုဖြစ်ပါသည်။

> **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးသည် လွန်စွာအရေးပါပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသော ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးများတွင် အဂတိလိုက်စားမှုအရှုပ်တော်ပုံများ ရှိနေကြသည်ကို သတိပြုရမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေးတွင် အဓိကအဟန့်အတားတစ်ခုဖြစ်သည့် အဂတိလိုက်စားမှုကို လျော့နည်းပပျောက်သွားအောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်လျက်ရှိ**

ကော်မရှင်ကို ကောင်းမွန်လေးနက်သော ရည်ရွယ်ချက်များဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့်အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ်ကော်မရှင်ကို ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ တတိယအကြိမ်ကော်မရှင်ကို ၂၀-၂-၂၀၂၂ နေ့ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၇၇/၂၀၂၂ နှင့် ၇၈/၂၀၂၂ ဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ကိုးဦး စုစုပေါင်း ၁၁ ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၆-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၁၀/၂၀၂၂ ဖြင့် ထပ်မံတာဝန်ပေး ခန့်အပ်ခဲ့သည့်အတွက် စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

### ကော်မရှင်၏ ဆောင်ရွက်ချက်များ

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသော ကဏ္ဍသုံးရပ်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် နီးနီးကပ်ကပ်ပူးပေါင်းပြီး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံးခွဲများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအဖြစ် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံအဖြစ် ၂-၁၂-၂၀၀၅ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခြင်းကို ၂၀-၁၂-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ အရှေ့တောင်အာရှအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ အဖွဲ့ဝင်အဖြစ် ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် ၇၉ နိုင်ငံမြောက် အဖွဲ့ဝင် အဖြစ်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးဝင်ရောက်ခဲ့သည်။

၎င်းအပြင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam နှင့် ၁၅-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ National Anti–Corruption Commission နှင့် ၁-၂-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ လာအိုနိုင်ငံ State Inspection and Anti–Corruption Authority နှင့် ၁၅-၁-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Anti–Corruption and Civil Rights Commission နှင့် ၃၀-၅-၂၀၁၈ ရက်နေ့တွင်လည်းကောင်း နားလည်မှုစာချွန်လွှာများရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နှစ်စဉ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကိုလည်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

### ပြည်သူလူထု၏ သဘောထား

ပထမအကြိမ်ကော်မရှင်နှင့် ဒုတိယအကြိမ်ကော်မရှင်လက်ထက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုကျူးလွန်သောသူများအား စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့သော်လည်း အရေးယူဆောင်ရွက်မှုများတွင် အဆင့်မြင့်အရာရှိများနှင့် နိုင်ငံရေးရာထူးရှိသူများအပေါ် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ပိုမိုပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း ပြည်သူလူထုက မှတ်ချက်ပြုခဲ့ပါသည်။ အဂတိလိုက်စားမှုအညွှန်းကိန်းများကို ဖော်ပြရာတွင် ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် အဖွဲ့အစည်းများက အသိအမှတ်ပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှုအညွှန်းကိန်းဖော်ပြချက်၌ မြန်မာနိုင်ငံအတွက် အညွှန်းကိန်းမှာ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံအနက် အဆင့် ၁၅၆ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်က နိုင်ငံပေါင်း ၁၈၀ တွင် အဆင့် ၁၃၀ အထိ ရောက်ရှိလာအောင် ကော်မရှင်က စွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၇ သို့ ရောက်ရှိသွားခဲ့ပါသည်။ ထိုကဲ့သို့ အဆင့်ကျဆင်းသွားရခြင်းမှာ နိုင်ငံရေးရာထူးရှိသူများအပေါ် အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်ရာတွင် ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့်ဟု မိမိ ထင်မြင်ယူဆမိပါသည်။ ပြည်သူလူထုမှလည်း အဂတိလိုက်စားမှုများကို ပြတ်ပြတ်သားသား ကိုင်တွယ်အရေးယူရန် လိုလားခဲ့ကြသည်။

### တတိယအကြိမ်ကော်မရှင်၏ ဆောင်ရွက်ချက်

သက်တမ်းအားဖြင့် ကိုးလခန့်သာရှိသေးသည့် တတိယအကြိမ်ကော်မရှင်တွင် ယခုအခါ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၂ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်အဖွဲ့တွင် အတွေ့အကြုံရှိသည့် အသိပညာရှင်များနှင့် အတတ်ပညာရှင်များပါဝင်သည်ကို တွေ့ရှိရပါသည်။ တတိယအကြိမ်ကော်မရှင်အဖွဲ့ တာဝန်ယူပြီးနောက် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်သူများကို စစ်ဆေးအရေးယူနေကြောင်း

*စာမျက်နှာ ၁၇ သို့*

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၄၀၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၆ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**





## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ စခန်းသွင်းလေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၇**

ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A)၌ လေ့ကျင့်လျက်ရှိရာ ယနေ့ ညနေ ၄ နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် အားကစားသမားများအတွက် အားကစားလေ့ကျင့်ရေးဝတ်စုံနှင့် အားကစားပစ္စည်းများ၊ အားဖြည့်အချိုရည်များနှင့် ထောက်ပံ့ကြေးငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး**(အပေါ်ပုံ)**အားကစားသမားများကို စိတ်ဓာတ်မြှင့်တင် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆူဇူကီးပြိုင်ပွဲ ယနေ့ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် တီမော၊ ဖိလစ်ပိုင်နှင့် စင်ကာပူတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၇** ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက် **(ယနေ့)**တွင် စင်ကာပူနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် တီမော၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(က) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တီမောအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် အရေးနိမ့်ထားသည့် မြန်မာအသင်းအတွက် ယခုပွဲမှာ အရေးပါနေပြီး နိုင်ပွဲရယူနိုင်မှသာ နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းတွင် ဒဏ်ရာရထားသူများရှိနေသဖြင့် ယခုပွဲတွင်လည်း လူစုံပါဝင်နိုင်မည်မဟုတ်ဘဲ ကျန်ရှိသည့်ကစားသမားများဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနှင့် တီမောပွဲမှ အနိုင်ရသည့်အသင်းမှာ နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းကို သုံးဂိုးပြတ်အနိုင်ရထားသည့် အိမ်ရှင်စင်ကာပူအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး အနိုင်ရပါက နောက်တစ်ဆင့်တက်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ အုပ်စု (က) တွင် ထိုင်းနှင့် စင်ကာပူအသင်းက သုံးမှတ်စီရထားပြီး မြန်မာနှင့် တီမောအသင်းမှာမူ အမှတ်မရသေးဘဲ ဖိလစ်ပိုင်အသင်းမှာမူ ယနေ့မှသာ ပထမဆုံးပွဲကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

*စာမျက်နှာ ၁၆ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းစာရှင်းလင်းပွဲများတွင် ထုတ်ပြန်ပြောဆိုလာခဲ့၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူလူထု၏စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပါသည်။ ဆက်တိုက်ဆိုသလိုပင် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးတိုင်ချက်ဖွင့် အရေးယူမှုသတင်းများကို သတင်းစာများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်သည်ကို တွေ့ရှိရပါသည်။

တတိယအကြိမ် ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ ကော်မရှင်က အမှုဖွင့်တရားစွဲဆိုအရေးယူထားသည့်အမှုများအရ ရာထူးတာဝန်ကို အလွဲသုံးစားလုပ်ခြင်းနှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်အတွက် ငွေကြေးနှင့် ပစ္စည်းများစွာ ဆုံးရှုံးနစ်နာခဲ့ရသည်ကို တွေ့ရှိရပါသည်။ ရာထူးတာဝန်ကို အလွဲသုံးစားလုပ်သည့် လုပ်ပိုင်ခွင့်အာဏာရှိသူများအပေါ် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဏာအလွဲသုံးစားပြုကျင့်ခဲ့သည်များနှင့် ပတ်သက်၍ နောင်လာမည့်အစိုးရအဆက်ဆက်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် လုပ်ပိုင်ခွင့်အာဏာရှိသူများအနေဖြင့် သတိပြုဆင်ခြင်နိုင်ကြမည်ဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။ စီရင်ထုံး၊ သမိုင်းမှတ်တမ်းများ၊ သင်ခန်းစာယူဖွယ်ရာ မှတ်တိုင်များအဖြစ် စိုက်ထူနိုင်ခဲ့မည်ဖြစ်ပါသည်။

### အဂတိပယ်ခွာ ပြည်သာယာရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးသည် လွန်စွာအရေးပါပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသော ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးများတွင် အဂတိလိုက်စားမှုအရှုပ်တော်ပုံများ ရှိနေကြသည်ကို သတိပြုရမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးတွင် အဓိကအဟန့်အတားတစ်ခုဖြစ်သည့် အဂတိလိုက်စားမှုကို လျော့နည်းပပျောက်သွားအောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ဝေဖန်မှုများစွာရှိနေသည့်ကြားမှပင် ကော်မရှင်သည် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဖြောင့်မတ်တည်ကြည်မှုရှိစွာ၊ ချစ်ခြင်း၊ မုန်းခြင်းကင်းစွာနှင့် ဘက်လိုက်ခြင်းကင်းစွာဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်သွားကြပါရန် ဆန္ဒပြုတိုက်တွန်း၍ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

**(နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာများ၊ ကြေးမုံသတင်းစာများနှင့် www.accm.gov.mm ကို ကိုးကားပါသည်။)**

## တောင်သူများအသုံးပြုနေသော အမိုနီယမ်ဆာလဖိတ် (Ammonium Sulphate) မြေဩဇာအကြောင်း အသိပေးထုတ်ပြန်ချက်

အမိုနီယမ်ဆာလဖိတ် မြေဩဇာသည် အပင်မှ အများအပြားလိုအပ်သည့် အဓိက အပင်အာဟာရဓာတ် နိုက်ထရိုဂျင် (၂၁%) နှင့် အပင်မှအနည်းငယ်သာလိုအပ်သည့် အပင်အာဟာရဓာတ် ဆာလဖာ(၂၄%) ပါဝင်ပြီး ရေတွင်ပျော်ဝင်လွယ်သော ဓာတုမြေဩဇာတစ်မျိုးဖြစ်ပါသည်။ စိုက်ပျိုး ထုတ်လုပ်မှု၌ သုံးစွဲရာတွင် မိမိသီးနှံနှင့် စိုက်ပျိုးမြေအား ထိခိုက်မှုနည်းပါးစေရန်အတွက် သုံးစွဲသူတောင်သူများအနေဖြင့် ၎င်းမြေဩဇာအကြောင်းနှင့် အသုံးပြုရမည့်နည်းလမ်းများကို သိရှိနားလည်ရန်လိုအပ်ပါသည်။ နိုက်ထရိုဂျင် အာဟာရဓာတ်ဖြည့်ဆည်းရန်အတွက် အမိုနီယမ်ဆာလဖိတ်မြေဩဇာကို နှုန်းမြင့်မားစွာ အသုံးပြုပါက အပင်မှ လိုအပ်မှုနည်းသော ဆာလဖာဓာတ်ကို လိုအပ်မှုထက်ပိုမိုစေခြင်းကြောင့် အပင်အတွက်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

အမိုနီယမ်ဆာလဖိတ်မြေဩဇာတွင် ဆာလဖာပါဝင်မှုမြင့်မားခြင်းကြောင့် မြေကိုချဉ်စေသော သတ္တိရှိသဖြင့် မြေငန်များနှင့် မြေငန်ရှိသောဒေသများတွင်သာ သုံးစွဲရန်သင့်တော်သော ဓာတ်မြေဩဇာအမျိုးအစားဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာသည့်အတွက် ဝယ်ယူအသုံးပြုနေသော အမိုနီယမ်ဆာလဖိတ်မြေဩဇာကို မြေကြီးထဲသို့ ထည့်သွင်းအသုံးပြုသောအခါ ယူရီးယားကဲ့သို့ အခြားသော နိုက်ထရိုဂျင်မြေဩဇာများထက် မြေချဉ်စေသော အက်စစ်ဓာတ်ကို ပိုမိုထုတ်လွှတ်ပေးသဖြင့် မြေချဉ်ငန်ကိန်း(၅.၅) အောက်ရှိသော မြေချဉ်များတွင် မြေဆီလွှာအချဉ်ပေါက်သော ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။

တောင်သူများအနေဖြင့် ၎င်းမြေဩဇာကို သုံးစွဲမည်ဆိုပါက မိမိတို့ စိုက်ပျိုးမြေ၏ မြေချဉ်ငန်ကိန်း၊ စိုက်ပျိုးမည့် သီးနှံအမျိုးအစား စသည်တို့အပေါ်မူတည်၍ ထည့်သွင်းသင့်သည့် ပမာဏကို စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာပညာရှင်များ၏ ထောက်ခံအကြံပြုချက် ရယူအသုံးပြုရန်လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အချို့နေရာများတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ CDF အကြမ်းဖက်သမားများက ကျောင်း၏အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာ၊ အရှေ့တောင်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှနေ၍ လက်နက်မျိုးစုံဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျောင်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချင်းပြည်နယ် ကန်ပက်လက်မြို့၌ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က လာရောက်ပစ်ခတ်မှု ဖြစ်စဉ်ပြမြေပုံ။



# ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သူများ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်မှုကြောင့် အသက် ၅ နှစ်အရွယ် အပြစ်မဲ့ မိန်းကလေးငယ် တစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သမားများ၏ လက်ပစ်ဗုံးပစ်ပေါက်မှုကြောင့် အသက် ၅နှစ်အရွယ် မိန်းကလေးငယ် တစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။**(ယာပုံ)**



ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၁ဝ လမ်း ၄၅ x ၄၆ လမ်းကြားရှိ အောင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သမားများက ဆိုင်ကယ်နှစ်စီးဖြင့် လာရောက်၍ လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ ယင်းသို့ ပစ်ပေါက်ခဲ့ခြင်းကြောင့် ၁၁ဝ လမ်းဘေးရှိ ကွမ်းယာဆိုင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ကွမ်းယာဆိုင်အတွင်းရှိအသက်ငါးနှစ်အရွယ် မိန်းကလေးငယ် တစ်ဦးတွင် ဗုံးစထိမှန်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သော်လည်း ရရှိဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

အသက် ၅ နှစ်အရွယ် အပြစ်မဲ့ မိန်းကလေးငယ် တစ်ဦး သေဆုံးသည်အထိ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ခဲ့သူများကို အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော့ဖုံးမှ*

စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာရဲကင်းစခန်း၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ဒီဇင်ဘာ ၆ ရက် ည ၈ နာရီခန့်တွင် အကြမ်းဖက်သူများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ရဲကင်းစခန်းဘေးရှိ ထရန်စဖော်မာအနီးမှ လက်လုပ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ရဲကင်းစခန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ဒလမြို့နယ်ဘက်သို့ ထွက်ပြေးသွားခဲ့သည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး၊ ကျည်ခွံများနှင့်အတူ ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် အမျိုးသား တစ်ဦးကို တွေ့ရှိခဲ့ရပြီး**(အောက်ပုံ)** ထပ်မံစစ်ဆေးချက်အရ သေဆုံးသူ အမျိုးသားမှာ ဒေသခံမဟုတ်ဘဲ မျက်နှာစိမ်း တစ်ဦးဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ ကံကောင်းရဲကင်းစခန်းကို ယနေ့နံနက် ၃ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် လာရောက်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက် လုပ်ရပ်များ ကျူးလွန်ခဲ့သူများကို အမြန်ဆုံး ဖမ်းဆီးရမိရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိ ပြည်သူများဖြင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



▼*ကျော့ဖုံးမှ*

ဆေးရုံသုံးပစ္စည်းများ ထုတ်ယူရန်အတွက် မုံရွာမြို့သို့ 8J/8606 Super Custom ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျီးပင်ချောင်ကျေးရွာအနီးသို့ အရောက် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လက်လုပ်မိုင်းထောင်၍ ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်၏ ဝဲ/ယာမှန်များနှင့် ဆီတိုင်ကီတို့ မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ဒေါ်ခိုင်ခိုင်ထွေးတွင် နဖူးပေါက်ပြဲဒဏ်ရာ တစ်ချက်၊ မထိပ်တင်ထွေးတွင် နောက်ကျော ပွန်းပဲ့ဒဏ်ရာ တစ်ချက်၊ ကျော်ဇင်ဖြိုးတွင် ဝဲ/ယာလက်ဖျံပွန်းပဲ့ဒဏ်ရာ နှစ်ချက်နှင့် ဦးဇော်မင်းသန်းတွင် ဝဲနားရွက် စုတ်ပြဲဒဏ်ရာ၊ ဝဲနားထင်/ဝဲချိုစောင်း ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ဘုတလင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များကဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျော့ဖုံးမှ*

ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ယခုပွဲစဉ်မတိုင်မီ အဲဗာတန်အသင်းသည် မန်စီးတီး၊ ဘရန့်ဖို့ဒ်၊ လီဗာပူးအသင်း စသည့်အသင်းများကို သုံးပွဲဆက်ရှုံးနိမ့်ထားသည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် နောက်ဆုံးလေးပွဲတွင် နယူးကာဆယ်အသင်းကိုသာလျှင် နိုင်ပွဲရရှိထားပြီး ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

ပွဲချိန် ၄၄ မိနစ်နှင့် ၅၈ မိနစ်တွင် ရရှိခဲ့သော ရစ်ချတ်လီဆန်၏ သွင်းဂိုးများကို ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် အဲဗာတန်အသင်း နစ်နာခဲ့ရသည်။ ဦးဆောင်ဂိုးကို ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် တီယာနေ၏ ဖန်တီးမှုမှ အိုဒီဂတ်က သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်း၏ ကစားဟန် ပုံမှန်အောက်ရောက်ရှိခဲ့ပြီး အဲဗာတန်အသင်းက ကစားကွက် အသာ၊ ခြေအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၉ မိနစ်ကျော်သည်အထိ အာဆင်နယ်အသင်းဘက်သို့ ချေပဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ချေ။ မိနစ် ၈ဝ တွင် အဲဗာတန်အသင်း ချေပဂိုးရရှိခဲ့ပြီး ယခုပွဲစဉ်တွင် ခြေစွမ်းပြသထားနိုင်သည့် ရစ်ချတ်လီဆန်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ အဲဗာတန်အသင်းအတွက် အနိုင်သေချာစေမည့် သွင်းဂိုးကို ဒုတိယပိုင်းပွဲချိန်ပြည့်ခါနီးတွင် ဂိုမက်စ်၏ ဖန်တီးမှုမှ ဂရေးက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အဲဗာတန်က နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဲဗာတန်အသင်းသည် ယခု အနိုင်ပွဲကြောင့် ပွဲစဉ် (၁၅) အပြီး ရမှတ် ၁၈ မှတ်ဖြင့် အဆင့် (၁၂) နေရာအထိ တက်လှမ်းလာနိုင်ခဲ့ပြီး ပြိုင်ဘက် အာဆင်နယ်အသင်းက ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၇)နေရာတွင် ဆက်လက်ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းသည် ဒီဇင်ဘာ ၁၂ ရက်၌ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက ဒီဇင်ဘာ ၁၁ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၂-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၁၀ | ခေတ်အလိုက်ကြေးမုံပြင် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၅ | MRTV Travelogue |
| ၀၈:၃၅ | မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၅ | မွေးမြူရေးရာအဖြာဖြာ | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၀၉:၃၅ | မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာစုံး'** (အပိုင်း-၂၇) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း **'သစ်ပင်'** | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၁:၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၄၁) (ဇာတ်သိမ်းပိုင်း) |
| ၁၁:၄၅ | ဆေးဖက်ဝင်ဟင်းသီး၊ ဟင်းရွက်နှင့် ကျန်းမာရေး | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း **'အဆိပ်သင့်မေတ္တာ'** |
| ၁၃:၃၀ | MRTV National News | | |
| ၁၄:၀၀ | 'သားသားတို့အငြိမ့်' | | |
| ၁၆:၁၅ | အသိပညာနှင့်အမှန်တရား 'Facebook ကဘာဝမဟုတ်ဘူး' | | |

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Global Partnership for Brighter Future: Finland National Day at Expo 2020 Dubai |
| 07:36 | Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1) |
| 08:01 | Myanmar Marionette |
| 08:30 | Let's Taste Delicious Insects |
| 08:43 | Myanmar Masterclass: Artist Than Kywe |
| 08:54 | Myanmar Street Foods |
| 09:01 | Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion) |
| 09:15 | Handmade Artisan Ye`Linn Oo |
| 09:30 | Underwater Photographer |
| 09:51 | Myanmar Cultural Heritage From Kyar Paing Village |
| 10:01 | Impressionist Myanmar Master Artist - U Lun Gywe |

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နွားနောက်မြီးစွပ်ပြုတ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မဒါးအိမ်နူးသို့အလည်တစ်ခေါက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဒဖြုတ်သီးနှင့်အမဲသားချက်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသထွက်အစားအစာ ရှောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
သဘာဝရဲ့လက်ဆောင်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သခွားသီးသုပ်

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၃) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်


## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်မည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၇ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီနှစ်ခုတို့မှ Cystinuc Effervescent ၅၅၀၀၊ Covifor Injection ၂၄၉၆၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Bed Sheet Sterile ၂၂၁၀၀၊ Alcohol Swab ၅၀၀၀၀၀၊ Guaze Baneage Non Sterile ၆၀၀၀၊ Orthopaedic Padding Bandage ၅၄၆၀၀၊ Guaze Sponge Compress ၄၁၅၀၀၊ Surgical Gown ၂၀၀၀၊ Paper Tape ၁၀၂၀၊ Insulin Stringe ၅၀၀၊ Syringe ၁၉၂၀၊ Oxygen Cylinder ၄၀၀၀၊ Regulator ၄၀၀၊ ဆေးဝါးမျိုးစုံ ၄၀၊ စုစုပေါင်း ၁၆၆၈၃၂ ဒသမ ၄၅ Kg ။

နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီခုနစ်ခုတို့မှ Infusion Set ၆၀၆၀၊ Disposanle Mask ၈၁၅၃၃ Kg ၊ Sodium Chloride Injection ၁၈၆၈၄၀၊ Glucose Injection ၁၆၁၄၃၀၊ Disposable Syiringe ၁၉၃၇၆ ခု၊ Oxygen Gas ၁၀ ဒသမ ၇၇ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၂၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၆၀ ကျပ် | ၁၂၆၅/၁၂၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၄၅/၁၂၇၀ ကျပ် | ၁၂၉၅/၁၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၂၀ ကျပ် | ၁၄၀၀/၁၄၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၈၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၅ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၉၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀ | ၄၃၀၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၂၃၅၀ | ၇၁၇၅၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၇**
မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြောင်မြို့နယ်၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မြောင် ဒီဇင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျားအိုကျေးရွာအုပ်စု ကျားအိုကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လတာကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

ကျားအိုကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လေးလက်မအဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တစ်ခုတည်ဆောက်ခြင်း၊ အလျား ၁၀ ပေ အနံ ၈ ပေ အမြင့် ၈ ပေ ရှိရေစက်ရုံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လတာကာလတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ သန်းကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ငြိမ်းသူ



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ပိုမို ထိန်းချုပ်၊ ကာကွယ်နိုင်ရေးအတွက် ဒီဇင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူး ဟန်ထွန်းဇော်တို့ ဦးဆောင်သော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးပူးပေါင်းအဖွဲ့က နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ မျိုးမင်းသိန်း(မရမ်းကုန်း)

## လယ်ယာသုံးစက်ကိရိယာများ စနစ်တကျသုံးစွဲနိုင်ရန် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဒီဇင်ဘာ ၇**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း သင်တန်းခန်းမတွင် ယမန်နေ့က လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၏ အင်အားတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ လယ်ယာ လုပ်ငန်းခွင်တွင် လက်တွေ့ လုပ်ကိုင်နေသည့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို လယ်ယာလုပ်ငန်းခွင်၌ စနစ်တကျ နည်းမှန်လမ်းမှန် အန္တရာယ်ကင်းကင်း သုံးစွဲနိုင်ရန်အတွက် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းထွန်းက စက်မှုလယ်ယာသင်တန်းကျောင်း (ဘုရားကြီး)၏ သမိုင်းကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားကာ စက်မှုလယ်ယာ သင်တန်းကျောင်း (ဘုရားကြီး)ရှိ လယ်ယာသုံး စက်ကိရိယာများအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်း အမှတ်စဉ် (၁/၂၀၂၁)ကို ဒီဇင်ဘာ ၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့)မှ သင်တန်းသား ၂၀၊ ပဲခူးတိုင်းဒေသကြီး (အနောက်)မှ သင်တန်းသား ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သင်တန်းသားခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသားနှစ်ဦး၊ ရခိုင်ပြည်နယ်မှ သင်တန်းသားတစ်ဦး စုစုပေါင်း သင်တန်းသား ၄၂ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## အကောက်ခွန်မှူးရာထူးဖြေဆိုခွင့်ရရှိသူများစာရင်းထုတ်ပြန်ခြင်း
**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်**
**(၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်)**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး (၅၀)နေရာအတွက် လျှောက်လွှာများခေါ်ယူခဲ့ပြီးဖြစ်ရာ လျှောက်ထားသူများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသဖြင့် အရည်အချင်းစစ်စာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ၏စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

| စဉ် | ခုံနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | အဖအမည် |
|---|---|---|---|---|
| (က) | ၁ | မလွင်ယမင်းသန့် | [၁/ဗမန(နိုင်)၀၈၇၂၄၁] | ဦးသန့်ဇင်ဦး |
| (ခ) | ၂ | မခင်မာဌေး | [၉/မထလ(နိုင်)၃၁၂၁၂၄] | ဦးမြင့်ဌေး |
| (ဂ) | ၃ | မငုချမ်းမြေ့ကျော် | [၈/ပဖန(နိုင်)၁၂၀၈၁၄] | ဦးမိုးမြင့်ကျော် |
| (ဃ) | ၄ | မမေလှိုင်သင်း | [၁/မစန(နိုင်)၀၃၄၂၇၉] | ဦးဉာဏ |
| (င) | ၅ | မမေရတနာမောင် | [၁၁/ကဖန(နိုင်)၀၉၃၀၂၂] | ဦးတင်မောင်သိန်း |
| (စ) | ၆ | မချောစုလှိုင်ဝင်း | [၁/ဝမန(နိုင်)၀၉၀၃၀၀] | ဦးသန်းထွန်းဝင်း |
| (ဆ) | ၇ | မောင်စိုးထက်နိုင် | [၉/ခအဇ(နိုင်)၀၂၉၁၉၆] | ဦးဝင်းကျော်နိုင် |
| (ဇ) | ၈ | မဇာခြည်ထွန်း | [၅/ဝလန(နိုင်)၁၇၅၃၃၃] | ဦးစိုးတင့်ဦး |
| (ဈ) | ၉ | မသန်းသန်းစိုး | [၅/ဝလန(နိုင်)၁၅၄၉၈၈] | ဦးဇော်မင်းဆန်း |
| (ည) | ၁၀ | မထက်ဆုမြတ် | [၁၂/လသယ(နိုင်)၀၆၈၆၅၉] | ဦးသန်းရွှေဦး |
| (ဋ) | ၁၁ | မဇင်ဝေထိုက် | [၁၂/ဒဂတ(နိုင်)၀၉၁၃၄၃] | ဦးသိန်းနိုင် |
| (ဌ) | ၁၂ | မစိုးစိုးလှိုင် | [၈/ဂဂန(နိုင်)၁၀၁၅၆၃] | ဦးလှိုင်ဇော်ဦး |
| (ဍ) | ၁၃ | မောင်စစ်နိုင်ထွန်း | [၁၂/မရက(နိုင်)၁၄၅၄၈၁] | ဦးလှထွန်း |
| (ဎ) | ၁၄ | မခင်ဘုန်းကျော်ကိုကို | [၁၂/တမန(နိုင်)၁၁၂၅၇၁] | ဦးကိုကိုကြည် |
| (ဏ) | ၁၅ | မစုမြတ်လင်း | [၁၂/လမန(နိုင်)၁၄၈၃၇၀] | ဦးပြုံးချို |
| (တ) | ၁၆ | မသီရိလွင် | [၈/စလန(နိုင်)၁၉၃၂၄၇] | ဦးသိန်းထွေး |
| (ထ) | ၁၇ | မောင်အေးပိုင်စိုး | [၁၂/လကန(နိုင်)၂၅၆၁၁၃] | ဦးစိုးနိုင် |
| (ဒ) | ၁၈ | မောင်ခန့်ညီညီမျိုးနိုင် | [၁၂/ရပသ(နိုင်)၀၈၆၅၅၃] | ဦးမျိုးနိုင် |
| (ဓ) | ၁၉ | မောင်စည်သူလွင် | [၁၄/ဒဒရ(နိုင်)၁၉၄၅၀၈] | ဦးထွန်းဝေ |
| (န) | ၂၀ | မပိုးအိဖြူ | [၁၀/သဖရ(နိုင်)၁၅၈၂၅၃] | ဦးမောင်သိန်း |
| (ပ) | ၂၁ | မကျော့ကေခိုင် | [၇/နတလ(နိုင်)၁၂၅၃၇၁] | ဦးခင်မောင်သိန်း |
| (ဖ) | ၂၂ | မခင်ဇာခြည်သိမ့် | [၁၃/နစန(နိုင်)၀၆၆၀၆၅] | ဦးအောင်ဝင်း |
| (ဗ) | ၂၃ | မမေသူဟန် | [၁၃/တကန(နိုင်)၂၃၈၅၆၁] | ဦးအောင်ကြည် |
| (ဘ) | ၂၄ | မောင်နန္ဒာဆွေတင့် | [၉/လဝန(နိုင်)၁၉၉၆၁၂] | ဦးဆွေတင့် |
| (မ) | ၂၅ | မချစ်စနိုးအောင်ဝင်း | [၁၂/ဒဂမ(နိုင်)၀၂၉၇၄၆] | ဦးအောင်ဝင်း |
| (ယ) | ၂၆ | မသိမ့်သူသူပိုင် | [၁၀/မလမ(နိုင်)၂၄၉၃၁၁] | ဦးဇော်ဝင်းမိုး |
| (ရ) | ၂၇ | မောင်ငြိမ်းချမ်းမောင် | [၁၀/မလမ(နိုင်)၂၂၉၀၂၂] | ဦးဇော်ဝင်း |
| (လ) | ၂၈ | မဝင်းပပအောင် | [၇/သနပ(နိုင်)၁၁၆၃၅၀] | ဦးမောင်လွင် |
| (ဝ) | ၂၉ | မောင်အောင်ရဲမင်း | [၅/ဝသန(နိုင်)၀၅၅၇၇၆] | ဦးချိုတူး |
| (သ) | ၃၀ | မဆုပြည့်ရတနာအောင် | [၁၂/လသယ(နိုင်)၀၅၇၈၇၀] | ဦးအောင်မင်း |
| (ဟ) | ၃၁ | မအေးမြကြည်သာ | [၈/မဘန(နိုင်)၁၃၅၀၁၂] | ဦးတင်ကြည် |
| (ဠ) | ၃၂ | မောင်ဥက္ကာကျော် | [၁၂/သကတ(နိုင်)၁၇၂၆၂၁] | ဦးသန်းထွန်း |
| (အ) | ၃၃ | မောင်ထူးအောင် | [၈/ပခက(နိုင်)၂၄၅၅၉၅] | ဦးမောင်မောင်ဦး |

၂။ အရည်အချင်းစစ် စာမေးပွဲများအား သက်ဆိုင်ရာဘာသာရပ်အလိုက် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | အချိန်/နာရီ | ဘာသာရပ် |
|---|---|---|---|
| (က) | ၇-၁-၂၀၂၂ | ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ | အထွေထွေဗဟုသုတ |
| (ခ) | ၇-၁-၂၀၂၂ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | အင်္ဂလိပ်စာ |
| (ဂ) | ၈-၁-၂၀၂၂ | ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ | ကွန်ပျူတာ |
| (ဃ) | ၁၀-၁-၂၀၂၂ | ၉:၀၀ နာရီ | ရေကူးဆန်းစစ်ခြင်း |

၃။ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ဘာသာရပ်တို့ကို အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့်လမ်း ၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)တွင် ဖြေဆိုရမည်ဖြစ်သည်။ ကွန်ပျူတာဘာသာရပ် စစ်ဆေးရာတွင် Microsoft Word၊ Excel ၊ Power Point တို့အား စစ်ဆေးသွားမည်ဖြစ်ပြီး Pyidaungsu Font, Font Size-13 ဖြင့်ဖြေဆိုရမည်ဖြစ်သည်။

၄။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ၅-၁-၂၀၂၂ ရက်၌ ရုံးချိန်အတွင်း အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ယူဆောင်လာပါရန် အသိပေးအပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

### ဖခင်အမည်မှန်
အောင်လံမြို့နယ်၊ ပြလို့မြင့်ကျေးရွာမှ အထက ပြလို့ကျောင်း Grade-11, အခန်း (B)မှ မစန္ဒာမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၈/အလန(နိုင်)၁၀၉၅၉၉ ဖြစ်ပါကြောင်း။ **ဦးမောင်ထွေး**

### ဖခင်အမည်မှန်
အောင်လံမြို့နယ်၊ အထက(၂) တတိယတန်း အခန်း(A)မှ မောင်ထွန်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးလှကျော်မြင့် ၈/အလန(နိုင်)၁၃၇၉၈၇ ဖြစ်ပါကြောင်း။
**ဦးလှကျော်မြင့်**

### ဖခင်အမည်မှန်
အောင်လံမြို့နယ်၊ ရေနံကြီးကျေးရွာမှ အထက(၁) တက္ကသိုလ်ဝင်တန်း အခန်း(D)မှ မဖြူဖြူသိမ့်၏ ဖခင်အမည်မှန်မှာ ဦးအုန်းမြင့် ၈/မထန(နိုင်)၀၅၃၈၂၃ ဖြစ်ပါကြောင်း။
**ဦးအုန်းမြင့်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7F/9789 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ကျောင်းကုန်းအုပ်စု၊ သားပွတ်ကျောကျေးရွာနေ ဦးအောင်ကျော်စိုး ၈/ ဆပဝ(နိုင်)၀၂၉၇၁၃ -ဒေါ်မာမာအေး ၈/ဆပဝ(နိုင်)၀၂၉၆၅၃ ၏သမီး မစန္ဒာလေးသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးအောင်ကျော်စိုး-ဒေါ်မာမာအေး**

## မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ (၂၉)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၁၇ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဗိုလ်ခိုင်ခွဲ Lotte Hotel တွင် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ကျင်းပသွားပါမည်။ ကိုဗစ် (၁၉)ရောဂါကာကွယ်ရန်အတွက် အသင်းဝင်တိုင်းကို လူကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားနိုင်ခြင်းမရှိသော်လည်း Virtual စနစ်ဖြင့် Online မှ တက်ရောက်နိုင်ရန် စီစဉ်ထားပါကြောင်းနှင့် ကြိုတင်အသိပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်း-၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉

**အလုပ်အမှုဆောင်အဖွဲ့**

### အများသိစေရန် ကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၅)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၅)မြောက်၊ ငွေးဇီးအကွက်၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ ၀ဒသမ၂၉၂ ဧကရှိ ဒေါ်ခင်ညွန့်အမည်ပေါက်သည့် ဘိုးဘွားပိုင်ခြံမြေကွက်ကို ဒေါ်သန်းသန်းဌေး ပါ(၂)အမည်ဖြင့် မြေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း တောင်ငူမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း ခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်လင်း B.A(Law), L.L.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၉၉/၁၉၈၀)**
**အမှတ် ၁၅/၈၆၊ ဘုရားလမ်း၊ တောင်ငူမြို့ ဖုန်း-၀၉-၅၃၅၁၃၁၇**

### အများသိစေရန် ကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၄)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၆)၊ ကြက်တည်အကွက်၊ ဦးပိုင်အမှတ် (၁၂၆/ဃ)၊ ဧရိယာ ၀ဒသမ၀၄၇ ဧကရှိ ဦးမျိုးလွင် အမည်ပေါက် ဘိုးဘွားပိုင်ခြံမြေကွက်ကို ဦးရဲလင်း ပါ(၃)ဦးတို့မှ မြေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း တောင်ငူမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် သူမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်လင်း B.A(Law), L.L.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၉၉/၁၉၈၀)**
**အမှတ် ၁၅/၈၆၊ ဘုရားလမ်း၊ တောင်ငူမြို့ ဖုန်း-၀၉-၅၃၅၁၃၁၇**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၅ယ/၇၄၄၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးအုံးလွင် ၁၀/သဖရ(နိုင်)၀၃၇၂၁၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8H/1803 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7B/6900 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ရုံး မော်လမြိုင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5E/9215 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2A/7958 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ရုံး မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၆ယ/၉၁၉၉၉၊ Honda Click 125, N/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းသူ ၈/ပခက(နိုင်) ၂၀၁၆၄၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 9B/8355 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ရုံး မော်လမြိုင်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ကင်ဆာဆေးများအပါအဝင် Speciality ဆေးဝါးများ၊ Consumable for speciality & IHC၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Basic Consumable များကို (၂၀၂၁)ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လကာလ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၈-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက် - ၃-၁-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

### ဖခင်အမည်မှန်
ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အုန်းတောအုပ်စု၊ ပြိုင်းစေ့ကေကျေးရွာမှ အထက(ဂုံးချိန်) တက္ကသိုလ်ဝင်တန်းမှ မတင်မိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်လင်း ၁၁/ကဖန (နိုင်)၀၇၈၃၈၄ဖြစ်ပါကြောင်း။ **ဦးလှိုင်လင်း**

### အမည်မှန်
ဦးစိုးမင်း၏သမီး တောင်ငူမြို့နယ်၊ အထက နတ်စဉ်ကုန်း ဒသမတန်း(C)မှ မတိုးတိုး၏ အမည်မှန်မှာ မအေးစန္ဒာမိုးဖြစ်ပြီး မိခင် အမည် မှန်မှာ ဒေါ်သန်းသန်းဌေး ၇/တငန(နိုင်)၂၁၈၅၇၁ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
မိုးညိုမြို့နယ်၊ ထိန်တောအုပ်စု၊ အထက(ထိန်တော) ဆဋ္ဌမတန်းမှ မရွှန်းလဲ့ပိုင်နှင့် တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းထက်သူတို့၏ ဖခင် ဦးဗိုလ်ဗိုလ်နိုင် ၇/မညန(နိုင်)၀၆၇၃၅၀နှင့် ဦးဘိုဘိုနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တနိုင်းမြို့၊ ဂျိုဆာဒီးကျေးရွာ၊ (အမက)စတုတ္ထတန်းမှ မောင်ဘိုဘိုလှ၏ ဖခင် အမည်မှန်မှာ ဦးကျော်ခိုင် ၅/ရဥန(နိုင်)၀၃၀၈၉၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မိုးကောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မဂျူလီယာဆိုင်းပန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁/မကတ(နိုင်)၀၆၄၂၅၈ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်
တနိုင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မငြိမ်းကဗျာနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၄ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၃ယ/၆၃၄၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးခိုင် ၇/သနပ(နိုင်)၀၆၄၁၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ရုံး မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၀ယ/၄၉၄၇၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ရုံး မော်လမြိုင်မြို့**

### ပျောက်ဆုံးကြောင်း
ကျွန်တော်များ Royal Golden Power Co.,Ltd ၏ (၁၁၃၃၁၉၆၀၇)၏ ဝယ်ယူခွင့်ပါမစ်အမှတ် SCP 2 2021 04918(29.01.2021), SCP2 2021 04908 (29.01.2021),SCP 2 2021 04911(29.01.2021), SCP 2 2021 04913(29.01.2021), SCP 2 2021 04924(29.01.2021)မှာ ကညနကိစ္စရပ်များ ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဆက်သွယ်ရန် - ဖုန်း-၀၉-၄၂၀၇၀၅၇၄၇**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း
မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၃)၊ ဦးပိုင်အမှတ်(၂၂/က)၊ မြေဧရိယာ(၀ဒသမ၁၃၅)ကေရှိမြေ ကွက်ကို မူလက ဦးမဒါန်းကူးမားအမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၂၂/က-၂)၊ မြေဧရိယာ (၀ဒသမ၀၆၄)ကေ အပိုင်းကို (၂၄-၁၀-၁၉၉၄)ရက်တွင် ဦးမဒါန်းကူးမားထံမှ ဦးလဖိုင်လကနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ခွဲစိတ်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးလဖိုင်လ ၁/ဝမန(နိုင်) ၀၃၇၈၇၂ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် (၅-၇-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၇၆/၂၀၂၁)ကို (၇-၇-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၅၁/၂၀၂၁) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်ဥမ္မာချို ၁၂/ဥကတ(နိုင်)၀၆၄၃၃၄ (ဘ)ဦးချို အမည်ပေါက်နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၃၆၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၈/၂၀၂၁ (၅-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်ထွန်းမင်း ၈/မကန(နိုင်) ၂၅၂၀၈ (ဘ)ဦးတင်ငွေမှ ဒေါ်ရီရီနိုင် ၁၂/လကန(နိုင်)၂၀၀၂၉၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)အထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၁၂-၂၀၂၁ ရက်နေ့မှ ၃၁-၁၂-၂၀၂၁ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ၂၅-၁-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရန် ပဏာမရွေးချယ်ထားသူများသည် ၂၅-၁-၂၀၂၂ ရက်နေ့မှ ၃၀-၁-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင်လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင်မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

